မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၂ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၁၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာနိုအယ်လ်ကလော့ဒီရိုကယ်ဘရီရာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာနိုအယ်လ်ကလော့ဒီရိုကယ်ဘရီရာ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာနိုအယ်လ်ကလော့ဒီရိုကယ်ဘရီရာသည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မိုးလေဝသအခြေအနေ

၁၂–၅–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း ၁၉၁၄ ခုနှစ်ကတည်ထောင်သည်။ Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၁၂ ရက်)

လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ရေး ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် တိုးတက်လာသော ခရီးသွားဦးရေနှင့် ကုန်စည်များကို လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေးအတွက် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးလျက် ရှိသည်။

ယခုအခါငါးမိုင်ရှည် ကြီးနီ-ချောက်လမ်းပိုင်း၊ ၁၂၃ ဒသမ ၈၀ မိုင်ရှည် ပျဉ်းမနား-မြို့ဟောင်းဒွေးလမ်း (ကျည်တောင်ကန်-ကျောက်ဆည်လမ်းပိုင်း)၊ ၃၂၂ ဒသမ ၅၀မိုင်ရှည် ကြံခင်း-ပခုက္ကူလမ်းပိုင်းကိုလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက် ရှိသည့်အပြင် ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းပိုင်းများကို အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိသည်။

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသည် နေပြည်တော်မှ ရှမ်းပြည်နယ် ရွှေညောင်-တောင်ကြီးသို့ တောက်လျှောက်ခုတ်မောင်းနိုင်မည့် လမ်းဖြစ်သည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်အကြား ဆက်သွယ်တိုက်ရိုက်သွားလာနိုင်မည့် လမ်းလည်းဖြစ်သည်။

ပျဉ်းမနား-သာစည်ရထားလမ်းရှိ ပျော်ဘွယ်ဘူတာမှ လမ်းခွဲ၍ သာစည်မြို့သို့ ဝင်ရောက်ဖြတ်သန်းခြင်းမပြုဘဲ သာစည်-ရွှေညောင် ရထားလမ်းပေါ်ရှိ ဘုရားငါးဆူဘူတာသို့ ဆက်သွယ်မည့် လမ်းဖြစ်သည်။ ပျဉ်းမနားမှ ရွှေညောင်သို့လည်း ယင်းလမ်းမှတစ်ဆက်တည်း သွားလာနိုင်မည် ဖြစ်သည်။

လက်ရှိရထားလမ်းဖြစ်သည့် ပျော်ဘွယ်-သာစည်-ဘုရားငါးဆူ ရထားလမ်း အရှည်မှာ ၃၁ ဒသမ ၇၅ မိုင်ဖြစ်ပြီး ရထားလမ်းသစ်မှာ ၁၆ ဒသမ ၁၉ မိုင် ရှိမည်ဖြစ်သည်။ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ဖောက်လုပ်ခြင်းဖြင့် ခရီးမိုင် ၁၅ ဒသမ ၅၆ မိုင်ခန့် လျော့နည်းသွားမည် ဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးသည် အရေးကြီးသည်နှင့်အညီ ဒေသတစ်ခုနှင့်တစ်ခု လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မှသာ တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ရထားလမ်းသစ်များ အချိန်မီဖောက်လုပ်ပြီးစီးရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖခင် ဦးမြအောင် (B.A.,B.L,D.M.A) အားရည်စူး၍ ရန်ကုန်တိုင်း ဒဂုံမြို့နယ် ပြည်လမ်း အနောက်ရပ်ကွက် မနော်ဟရီလမ်း အမှတ် (၃၂) နေ ဖနီးဒေါ်ခင်ကြည်နှင့် သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၂-၅-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၂၅	၅။	ကျန်းမာသုတ
၁၂း၃၀	၆။	ရုပ်မြင်သံကြားဇာတ်လမ်း **"နားလည်ပေးပါမြသီတာ" နေတိုး၊ ခိုင်သင်းကြည် (ဒါရိုက်တာ-ဇော်ဆက်)**
၁၃း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄း၃၅	၄။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၃၅	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။	နိုင်ငံတကာသတင်း
၆း၂၅	၈။	မိုးလေဝသသတင်း
၆း၃၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၀။	လျှပ်တစ်ပြက်
၆း၄၅	၁၁။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၇း၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၄၉)
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၅။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၄၂)

သာကေတမြို့နယ် အရှေ့ (၇) ရပ်ကွက် ရှုခင်းသာလမ်းနေ ဦးမြညွန့် (၇၇)နှစ်ပြည့် မွေးနေ့နှင့် ဦးမြညွန့်-ဒေါ်သန်းမြင့်တို့၏ နှစ် (၅၀) ပြည့် မင်္ဂလာ အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင် ငွေကျပ် တစ်သိန်းကို ဇီဝိတဒါန သံဃာ့ဆေး ရုံ ကြီး သို့ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးအောင်ခင် လက်ခံယူစဉ်။ (က-ပ)

ချောင်းများ၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

အမှိုက်နှင့် နုန်းများ စဉ်ဆက်မပြတ် ဆယ်ယူရန်မှာကြား

ရန်ကုန် မေ ၁၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် ပြည်သာယာရိပ်သာအနီး မိုးကောင်းလမ်းသို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးတို့က ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်အကြားရှိ ခုနစ်ပင်လိမ်ချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်၊ နုန်းနှင့် ဒိုက်ပင်များ ဆယ်ယူရှင်းလင်းနေမှုများကို လိုက်လံရှင်းလင်းပြသကြပြီး မြို့တော်ဝန်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့(၂၃)ရပ်ကွက် အင်ကြင်းမြိုင်လမ်းနှင့်ဂန္ဓမာလမ်းတို့ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ရေနုတ်မြောင်းများ ရေစီးဆင်းမှုများကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်သို့ ဖြတ်သန်းစီးဆင်းသည့် ကျိုက္ကဆံချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် နုန်းများ၊ ဒိုက်ပင်များ ဖော်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်သို့ ဖြတ်သန်းစီးဆင်းသည့် ရွှေလှေချောင်းချောင်း ရေစီးရေလာကောင်းမွန်စေရန် လူအား၊ စက်ယန္တရားအားတို့ဖြင့် အမှိုက်၊ နုန်းနှင့် ဒိုက်ပင်များ ဆယ်ယူရှင်းလင်းနေမှုနှင့် ရွှေလှေချောင်း ချောင်းတစ်လျှောက် ရေစီးဆင်းမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများအား မိုးရာသီရောက်ရှိတော့မည်ဖြစ်၍ ချောင်းများ၊ မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် တိုးချဲ့တူးဖော် ဆောင်ရွက်ကြရန်၊ အမှိုက်နှင့်နုန်းများ ဆယ်ယူခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်လုပ်ဆောင်ကြရန် မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတကာ၌ ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများလေ့လာသုံးသပ် မီဒီယာကဏ္ဍကို အမျိုးသားအကျိုးစီးပွားဖြင့် ထိန်းသိမ်းကြပ်မတ်

မြန်မာနိုင်ငံ အမျိုးသားဒစ်ဂျစ်တယ် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ အမျိုးသားဒစ်ဂျစ်တယ် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံ အမျိုးသားဒစ်ဂျစ်တယ် ရုပ်မြင်သံကြားနှင့်အသံလွှင့်ကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားဒစ်ဂျစ်တယ် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယရေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံအမျိုးသား ဒစ်ဂျစ်တယ် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တစိုက်မတ်မတ်ဆောင်ရွက်

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသား ဒစ်ဂျစ်တယ် ရုပ်မြင်သံကြားနှင့်အသံလွှင့် ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် မိမိတို့ ကော်မတီကို ၂၀၀၅ ခုနှစ် ဇွန် ၁၁ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီးနောက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို နိုင်ငံတော်ဝန်ကြီးချုပ်ထံ တင်ပြလမ်းညွှန်မှုခံယူပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁ရက်တွင် ကျင်းပခဲ့ကြောင်း၊ အဓိကတာဝန်ရှိသော မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကော်မတီစတင်ဖွဲ့စည်းပေးသည့် အချိန်မှစတင်၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြောင်း။

ထုတ်လွှင့်နေ

ယနေ့ကျင်းပသော အစည်းအဝေးတွင် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းနှစ်ရပ်ကို ဆွေးနွေးလိုကြောင်း၊ ပထမအချက်မှာ မကြာမီ အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ကျင်းပမည့် အာဆီယံနိုင်ငံများ၏ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၊ အာဆီယံနိုင်ငံများ၏ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့်အာဆီယံ+၃ အစည်းအဝေးများတွင် နိုင်ငံတကာနည်းတူ အာဆီယံနိုင်ငံများကလည်း ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို Analog မှ Digital သို့ ကူးပြောင်းရေး၊ Digital စနစ် သုံးမျိုးခွဲသည့်အနက် အာဆီယံနိုင်ငံများနှင့် အကိုက်ညီဆုံးဖြစ်သော DVB-T စနစ်ကို အဓိကလက်ခံဆောင်ရွက်ကြရေး ဆွေးနွေးကြမည်ဟု သိရကြောင်း၊ အာဆီယံနိုင်ငံများအနက် အချို့နိုင်ငံများသည် TV ထုတ်လွှင့်မှုကို DVB-T စနစ်ဖြင့် တရားဝင်ကြေညာဆောင်ရွက်နေကြပြီဟု သိရကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် MRTV-4 ကို DVB-T စနစ်ဖြင့်ထုတ်လွှင့်နေသော်လည်းတရားဝင်ကြေညာခြင်း မပြုရသေးကြောင်း။

ဆွေးနွေးညှိနှိုင်း

ထို့ကြောင့် အာဆီယံနိုင်ငံများနည်းတူ မိမိတို့နိုင်ငံအနေဖြင့်လည်း DVB-T စနစ်ကို တရားဝင်ဆက်လက်သုံးစွဲသွားရေး ဆွေးနွေးပြီး မိမိတို့ကော်မတီ၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဌာနများသို့ တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်သွားရန်ရှိကြောင်း၊ ဒုတိယတစ်ချက်မှာ ပြီးခဲ့သောပထမအကြိမ်အစည်းအဝေးတွင် အဖွဲ့လေးဖွဲ့ဖွဲ့၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသည်များကို ဆွေးနွေးညှိနှိုင်းသွားကြစေလိုကြောင်း၊ မြန်မာနိုင်ငံအမျိုးသားဒစ်ဂျစ်တယ် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကော်မတီအနေဖြင့် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ကြီးသုံးခုရှိကြောင်း၊ ၎င်းတို့မှာ မိမိတို့နိုင်ငံ၏ ရုပ်မြင်သံကြား၊ အသံလွှင့်လုပ်ငန်းများနှင့် ၎င်းတို့နှင့် ဆက်စပ်နေသော ရုပ်ရှင်၊ ဗီဒီယိုလုပ်ငန်းများကို ယနေ့နိုင်ငံတကာတွင် ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများနှင့်အညီ ဖြစ်အောင် လေ့လာသုံးသပ်ပြီး တိုးတက်ပြောင်းလဲရန်၊ ဒုတိယအချက်မှာ ၎င်းဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများနှင့်အညီ ပြောင်းလဲ မြင့်တက်လာမည့် မီဒီယာကဏ္ဍကို အမျိုးသား အကျိုးစီးပွားအရ ထိန်းသိမ်းကြပ်မတ်သွားရန်ဖြစ်ကြောင်း၊ နောက်ဆုံးအချက်မှာ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသည့် မီဒီယာများ ထိန်းသိမ်း ကွပ်ကဲနိုင်ရေး၊ မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီပြီး ဆက်စပ်ဆောင်ရွက်ရမည့် ဌာနများနှင့်လည်း လိုက်လျောညီထွေဖြစ်စေမည့် စည်းမျဉ်း၊စည်းကမ်း၊ ဥပဒေ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန် ဆောင်ရွက်သွားရေးတို့ပင်ဖြစ်ကြောင်း၊ ၎င်းအဓိကတာဝန်ကြီး သုံးရပ်ပေါ်တွင် အခြေခံပြီး ချမှတ်ထားသည့် အသေးစိတ်လုပ်ငန်းများကို သတ်မှတ်ထားသည့် အဖွဲ့များက ဆောင်ရွက်အကောင်အထည်ဖော်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ကူညီဆောင်ရွက်ပေး

ထို့နောက်ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ၎င်းကော်မတီ၏ လုပ်ငန်းစဉ်များသည် မိမိဝန်ကြီးဌာနနှင့် ဆက်စပ်ပတ်သက်နေသဖြင့် ဖိတ်ကြားချက်အရ ပထမအကြိမ်အစည်းအဝေးကိုလည်း တက်ရောက်ခဲ့ကြောင်း၊ နည်းပညာပြောင်းလဲမှု တိုးတက်မြန်ဆန်လာသည်နှင့်အညီ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် နည်းစနစ်များအား အထောက်အကူပြုသည့် နည်းစနစ်များကို စဉ်းစားဆောင်ရွက်သွားသင့်ပါကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် ၎င်းကော်မတီ၏လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒီဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်ရေးဆိုင်ရာနည်းပညာလေ့လာရေးနှင့် Broadcasting Law ရေးဆွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးဝင်းမော်က IP Delivery Services နှင့် One-Demand Services တို့အတွက် လုပ်ငန်း နယ်ပယ်သစ်များသတ်မှတ်ရေးနှင့် လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက Digital Broadcasting Infrastructure Planning ရေးဆွဲရေးနှင့် Media Control ထိန်းကျောင်းရေးလုပ်ငန်းစဉ်များ သတ်မှတ်ပြဋ္ဌာန်းရေး၊ နည်းပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာ ရယူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ရုပ်ရှင်၊ ဗီဒီယိုရိုက်ကူး၊ ထုတ်လုပ်၊ ဖြန့်ချိပြသရေး လုပ်ငန်းစဉ်များနှင့် Multimedia Content Creation and Authoring နှင့်ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးဆောင်ရွက်

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

စားအုန်းဆီသင်္ဘောရောက်ရှိ

ရန်ကုန် မေ ၁၁

နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ပြည်သူများဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ စားအုန်းဆီများကို မှာယူတင်သွင်းလျက်ရှိရာ စားအုန်းဆီ မက်ထရစ်တန်ချိန် ၂၀၀၀ တင်ဆောင်လာသော M/T V.L.5 သင်္ဘောသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အေးရှားဝေါလ်ဆိပ်ကမ်းသို့ စားအုန်းဆီသင်္ဘောများ ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ စားအုန်းဆီများ တင်ဆောင်လာသော သင်္ဘော ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များ လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ မကြာမီကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိတော့မည်ဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိသော သဲသောင်များ၊ ကျွန်းများရေမြုပ်၍ ရေမြှုပ်ပေါ်ဖြစ်တတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂရုစိုက်မောင်းနှင်

မြစ်ရေတက်လာမှုပေါ်မူတည်၍ ဤဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သောရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုစိုက်မောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်လေ့ရှိသည်။ ရေအနက်မလုံလောက်သည့် ရေမြှုပ်ပေါ်ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်းမပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ် စက်အားနှင့် ရေစီးအားကို ချင့်ချိန်ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

ပြသထား

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင်လမ်းကြောင်းများတွင် ရေယာဉ်များဝင်ရောက်ရမည့်အပေါက်၌ အစိမ်းရောင်တြိဂံအမှတ်အသားပြသထားပြီး ရေယာဉ်များမဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများအား အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေမည်ဖြစ်ပြီး ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားကြီးများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့်တက်မထိန်းစနစ်များအား ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်းယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲတွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကိုသယ်ဆောင်ခြင်းမျိုး မပြုလုပ်ရန်နှင့် မြစ်ကူးတံတားကြီးများ ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့်ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တစ်တွဲချင်းသာဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်ခြည်းလေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများဖြစ်ပေါ်သည့်အခါ မြစ်အတွင်း ခုတ်မောင်းနေသောရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြု မောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖတ်မှတ် လေ့လာ ဆည်းပူးပါ

"မှတ်ဖွယ်မှတ်ရာ ထိုထိုစာကို
ရှာ၍မပြတ် အိမ်တွင်ဖတ်။
ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက
သားမယားပင်၊ သိမြင်ကင်းကွာ
မလိမ္မာလည်း
စာပေစကား၊ နေ့တိုင်းကြားက
ထူးခြားလိမ္မာ၊ ရှိသည်သာတည်း။"

အင်းဝခေတ်စာဆိုကျော် ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ လမ်းညွှန်ဆုံးမမှုဖြစ်ပါသည်။ မည်သည့်စာ၌မဆို မှတ်ဖွယ်မှတ်ရာ မှတ်သားစရာများ ပါရှိသည်။ စာမှရရှိသော မှတ်သားစရာများသည် လူနေမှုဘဝ မြင့်မားတိုးတက်မှုအတွက် အထောက်အပံ့ ကောင်းဖြစ်၏။ ထို့ကြောင့်လည်း အမြဲမပြတ် ဖတ်ရန်၊ မှတ်ရန် ဆရာတော်က တိုက်တွန်းထားခြင်း ဖြစ်ပေသည်။

စာထဲမှ ရရှိလာသော ဗဟုသုတသည် စာဖတ်သူ၏ အတွေးအခေါ်ကို နက်ရှိုင်းစေသည်၊ မြော်မြင်မှုကို မြင့်မားစေသည်၊ အယူအဆကို ဆန်းသစ်ခေတ်မီစေသည်။ စာဖတ်ခြင်းအလေ့၌ မွေ့လျော်ခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးများ ဖြစ်ပါသည်။

မြန်မာ့လူနေမှု၌ ဘိုးစဉ်ဘောင်ဆက် ဆိုထုံးပြုခဲ့သော ဆိုရိုးစကားများရှိသည်။ ထိုဆိုရိုးစကားများသည် တန်ဖိုးဖြတ်၍ မရနိုင်သော ရတနာများဖြစ်၏။ **"အလိမ္မာ စာမှာရှိ"**ဆိုသော ဆိုရိုးစကားကို ယနေ့ထိတိုင် လက်ကိုင်သုံးစွဲနေရဆဲ ဖြစ်၏။ ထိုဆိုရိုးစကားသည် **"စာထဲမှာ အလိမ္မာတွေရှိနေသည်။ ထိုအလိမ္မာတွေရှိနေသော စာကို ဖတ်ကြစမ်းပါ၊ မှတ်ကြစမ်းပါ၊ လေ့လာရှာဖွေ နည်းယူကြစမ်းပါ"**ဟူသော အဓိပ္ပာယ်ကို ပေါ်လွင်စေသည့် စာဖတ်ရန် တိုက်တွန်းလှုံ့ဆော်နေမှု ဖြစ်သည်။

ရှေးယခင်ကတည်းက စာဖတ်ကြရန် တိုက်တွန်းလှုံ့ဆော်နေမှုများသည် ယနေ့ထိတိုင်အောင် ရှင်သန်နေသည်။ နောင်လည်းဆက်လက် ရှင်သန်နေမည်သာ ဖြစ်သည်။ မျက်မှောက်ကာလ (၂၁)ရာစုကို ပညာခေတ်ဟု ကြွေးကြော်ထားသည်။ ပညာခေတ်တွင် နည်းပညာများက တိုးတက်မြင့်မားလာသည်။ တိုးတက်မြင့်မားလာသော နည်းပညာများကို အမြဲတစေ လေ့လာဆည်းပူးနေမှ ခေတ်မီဖွံ့ဖြိုးတိုးတက်နေမည်။ အများနှင့်ယှဉ် ရင်ပေါင်တန်းနိုင်မည်။ ထိုအခါ နည်းပညာများသိုမှီးရာဖြစ်သော စာကိုမဖတ်မဖြစ် ဖတ်ကြရမည်ဖြစ်၏။ ထို့ကြောင့် စာဖတ်ရန် လှုံ့ဆော်တိုက်တွန်းနေမှုများသည် အမြဲတစေ ရှင်သန်နေရမည်သာ ဖြစ်ပေသည်။

စာဖတ်သည့် အလေ့အကျင့်ကောင်းကို ပြုစုပျိုးထောင်ရာ၌ စာတတ်မြောက်ရေးလုပ်ငန်းနှင့် စာမတတ်သူ ပပျောက်ရေးလုပ်ငန်းသည် အခြေခံအကျဆုံး ဖြစ်သည်။ ထို့ကြောင့် **"ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးနှင့် သက်ကြီးစာမတတ်သူ ပပျောက်ရေးလုပ်ငန်း"**ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ယခုအခါ၌ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးကို ဦးတည်လျက် ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေး နည်းလမ်းသုံးသွယ်ကို ချမှတ်အကောင်အထည်ဖော်ပေးနေပါသည်။ ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကို ဆက်စပ်ပူးပေါင်းလိုက်သောအခါ ကိုယ်တိုင်သင်ယူပညာရေးဖြင့် **"အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း"** အဖြစ် ပြောင်းလဲတိုးတက်လာမည်ဖြစ်၏။ မြန်မာ့လူနေမှု မြင့်မားလာမည်ဖြစ်၏။ အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ် ထာဝရရှင်သန်ရေးအတွက် **"စာမတတ်သူ ပပျောက်ရေးလုပ်ငန်းနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်း"** များကိုလည်း မလွဲမသွေ ဆက်လက်ဆောင်ရွက်နေကြရမည်သာ ဖြစ်ပေသည်။

ရေနံ့သာ မောင်ကျော်ညွန့်

စာမတတ်သူ ပပျောက်ရေးလုပ်ငန်းနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းများ၏ အခက်အလက်များဖြစ်သော **"ရပ်ရွာပညာ ပဒေသာဌာနများ၊ စာကြည့်တိုက်များ၊ စာဖတ်ခန်းများ၊ စာဖတ်ဝိုင်းများ"**ကို ဖွင့်လှစ်ထူထောင်ပေးနိုင်ခြင်းကြောင့် ခေတ်မီဆန်းသစ်ဖွံ့ဖြိုးလာသည့် နည်းပညာများ၊ ဗဟုသုတများကို လွယ်လင့်တကူ လေ့လာဆည်းပူး မှတ်သားခွင့် ရရှိနေကြပေပြီ။ လက်လှမ်းမီရာ စာအုပ်စာပေများကို ဖတ်ရာ၊ မှတ်ရာမှ တစ်ဆင့် ဆင်ခြင်သတိ နိုးကြားလာကြသည်။ အမြင်အသိ တိုးပွားလာကြသည်။

မိရိုးဖလာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် တွဲဖက်ပြီး အခြားစီးပွားဖြစ် ဝင်ငွေတိုးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်လာကြခြင်းသည် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းနှင့် ကြောင်းကျိုးဆက်စပ်နေသည်မှာ ထင်ရှားလှသည်။ တစ်ဦးချင်းစီ၌ စာဖတ်ရှိန်မြင့်မားလာရာ စာထဲမှရသော **"အသိပညာ၊ အတတ်ပညာ"**တို့၏ စေ့ဆော် တိုက်တွန်းနေမှုကြောင့် တစ်ဦးချင်းစီ၌ **"အကြံအစည်နှင့်ဉာဏ်ရည်"**များ တိုးတက်မြင့်မားလာခြင်း ဖြစ်သည်။ တိုးတက်မြင့်မားလာသော အကြံအစည်နှင့် ဉာဏ်ရည်များသည် လူနေမှုအဆင့် မြင့်မားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းပြ နေပေတော့၏။

ယခုအခါတွင် စာဖတ်သည့်အကျင့်ကို စွဲလမ်းခုံမင်လာပြီး စာဖတ်သည့်အလေ့၌ မွေ့လျော်နှစ်ခြိုက်လာခြင်းကြောင့် စာပေကို မြတ်နိုးလေးစားတန်ဖိုးထားလာကြသည်။ **"စာအုပ်စာပေ လူ့မိတ်ဆွေ"** ဟူသော ဆိုရိုးစကားနှင့်အညီ **"မိတ်ရင်းဆွေစစ်၊ စာပေဖြစ်သည်"** ဟု ခံယူလာကြသည်။ အကြောင်းမှာ အမြင်ကျယ်ပြန့်လာပြီး အသိကြွယ်ဝလာသောကြောင့် ဖြစ်သည်။ ကျယ်ပြန့်လာသော အမြင်နှင့် ကြွယ်ဝလာသောအသိသည် စာဖတ်ခြင်းမှ ရရှိလာခြင်းဖြစ်သည်။ ထို့ကြောင့် စာမတတ်သူ ပပျောက်ရေးလုပ်ငန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် လူတိုင်းပါဝင်လာကြသည်။ အားပေးကူညီလာကြသည်။

ကြည့်သောသူမှ မြင်နိုင်စွမ်းရှိသည်။ မြင်သောသူမှ သိနိုင်စွမ်းရှိသည်။ သိသောသူမှ ဆင်ခြင်တွေးခေါ်နိုင်စွမ်းရှိသည်။ ဆင်ခြင်တွေးခေါ်နိုင်သောသူမှ လူနေမှုဘဝ မြင့်မားတိုးတက်ဖွံ့ဖြိုးမည်။ လူနေမှုဘဝ မြင့်မားတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆင်ခြင်တွေးခေါ်မှုလိုသည်။ ဆင်ခြင်တွေးခေါ်နိုင်စွမ်းရှိရန် အသိလိုသည်။ အသိရှိရန် အမြင်လိုသည်။ အမြင်ရှိရန် ကြည့်တတ်ဖို့ လိုသည်။ ထိုလိုအပ်ချက်များကို စာဖတ်ခြင်းအလေ့ဖြင့် ဖြည့်စွမ်းပေးနိုင်မည်ဖြစ်၏။ မကြည့်သောကြောင့် မမြင်သောသူသည် မျက်စိနှစ်ကွင်း အလင်းရနေပါလျက် မျက်ကန်းဘဝသို့ ရောက်နေကြရရှာ၏။

အကြောင်းအမျိုးမျိုးကြောင့် သက်ကြီးစာမတတ်သူများအား ကောက်သင်း ကောက်ကာ **"တစ်ယောက်မကျန် စာတတ်မြောက်ရန်"** အလေးထားပြီး စာမတတ်သူများအား ဝိုင်းဝန်းကူညီ စာသင်ပေးကြရင်း စာတတ်ပြီးသူများကိုလည်း စာဖတ်ရှိန်မြင့်မားရေး အားပေးတိုက်တွန်းလျက်ဖြင့် **"မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူဘောင် အဖွဲ့အစည်း"**ကို ဖန်တီးတည်ဆောက်ကြရမည် ဖြစ်ပါသည်။

"နည်းနည်းဖတ်ကြည့်၊ နည်းနည်းမှတ်မိ
များများဖတ်ကြည့်၊ များများမှတ်မိ
နည်းနည်းမှတ်မိ၊ နည်းနည်းသိ
များများမှတ်မိ၊ များများသိ
များများသိအောင် များများကြည့်"။ ။

ကြည့်သောသူမှ မြင်နိုင်စွမ်းရှိသည်။ မြင်သောသူမှ သိနိုင်စွမ်းရှိသည်။ သိသောသူမှ ဆင်ခြင်တွေးခေါ် နိုင်စွမ်း ရှိသည်။ ဆင်ခြင်တွေးခေါ် နိုင်သော သူမှ လူနေမှုဘဝ မြင့်မားတိုးတက် ဖွံ့ဖြိုးမည်။ လူနေမှုဘဝ မြင့်မားတိုးတက် ဖွံ့ဖြိုးရေးအတွက် ဆင်ခြင်တွေးခေါ်မှုလိုသည်။ ဆင်ခြင်တွေးခေါ် နိုင်စွမ်းရှိရန် အသိလိုသည်။ အသိရှိရန် အမြင်လိုသည်။ အမြင်ရှိရန် ကြည့်တတ်ဖို့လိုသည်။ ထိုလိုအပ်ချက်များကိုစာဖတ်ခြင်းအလေ့ဖြင့် ဖြည့်စွမ်းပေးနိုင်မည်။

မုဒုံမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ကြီးမှူးဖွင့်လှစ် နွေရာသီ အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၁

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စီစဉ်မှုဖြင့် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် နွေရာသီအင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်း ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၇ရက်က မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး ခင်မောင်ညွန့်၊ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ရီရီမြင့်နှင့် အလုပ်အမှုဆောင်များ၊ မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးဇော်မြင့်နှင့် အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊သင်တန်းသူ၊ သင်တန်းသား ၁၉၀ကျော် တက်ရောက်ကြသည်။

သင်တန်းဆင်းအမှာစကား

ရှေးဦးစွာ သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ကိုယ်စား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးခင်မောင်ညွန့်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်

ဆက်လက်၍ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ရီရီမြင့်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဂုဏ်ပြုလက်ဆောင်

ယင်းနောက် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မြင့်က သင်တန်းနည်းပြ ဆရာ၊ ဆရာမများကို ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(ဝဲပုံ)**

(သတင်းစဉ်)

နှုတ်ဆက်အားပေး

(၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မွန်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းအား ဧပြီ၂၉ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့်ဇနီး မွန်ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြစဉ်။ (၁၆၈)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၇ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ မေ ၉ရက် ညနေ ၆နာရီခွဲက ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ကိုယ်စားလှယ်များ၊ ထူးချွန်ကြက်ခြေနီ မောင်မယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ထူးချွန်ကြက်ခြေနီ မောင်မယ်များ ကိုယ်စား ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်မှ ထူးချွန်ကြက်ခြေနီ မဇင်မြတ်မှုဝင်းထက်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များ၊ ထူးချွန်ကြက်ခြေနီမောင်မယ်များနှင့် ဖိတ်ကြားထားသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

တေးသံသာဖြင့်ဖျော်ဖြေ

ထို့နောက် ကြက်ခြေနီမောင်မယ်များ၊ ကျောင်းသား ကျောင်းသူကလေးများက တေးသံသာများ၊ ကြက်ခြေနီဂုဏ်ပြုအစီအစဉ်များဖြင့် ဖျော်ဖြေကြပြီး ထူးချွန်ကြက်ခြေနီ မောင်မယ်များက ကြက်ခြေနီဂုဏ်ပြု တေးသီချင်းကို သံပြိုင်သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ကျေးဇူးရှင်ဖခင် ဦးသက်တင်နှင့် မိခင် ဒေါ်ကြည်ကြည်အားရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သရက်တောလမ်း အမှတ် ၁၀ (၅)လွှာနေ ဒေါက်တာဇော်မြင့်သိန်း (သားဖွားမီးယပ်အထူးကု)ဗဟိုအမျိုးသမီးဆေးရုံ ဆရာဝန်ကြီး ဇနီး ဒေါ်သန္တာစိုး၊ သမီး ခိုင်မြတ်သိမ်းနှင့် မေခိုင်ဇော်သိမ်းမိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ (သဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) ထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၇ ဂုဏ်ပြု ညစာစားပွဲ အခမ်းအနားကို တက်ရောက်ချီးမြှင့်စဉ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ခုနှစ် မေလအတွက်
၁၃-၅-၂၀၀၇ ရက်နေ့
နှင့်
၂၇-၅-၂၀၀၇ ရက်နေ့

ရှင်းလင်းတင်ပြ

မေ ၈ ရက်က အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ (အကြို)ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး သူနာပြုနှင့် သားဖွားအသင်းခွဲ သူနာပြုအုပ်ဒေါ်သန်းအေးက သူနာပြုနေ့ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းတင်ပြစဉ်။ (က-ပ)

မဟာသန္တိသုခ ယဉ်ကျေးလိမ္မာ အင်္ဂလိပ်-မြန်မာ အထူးသင်တန်း မေ ၁၅ရက်၌ သင်တန်းဆင်းပွဲကျင်းပမည်

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ သင်တန်းမှူး ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတ (မဟာဝိဇ္ဇာ၊ မာဂဓတက္ကသိုလ်) မထေရ်မြတ်ကိုယ်တိုင် ဦးစီးပို့ချသည့် တတိယအကြိမ်မြောက် ၂၀၀၇ပညာတော်သင်နှစ် ယဉ်ကျေးလိမ္မာ နွေရာသီ အင်္ဂလိပ်-မြန်မာ အထူးသင်တန်းဆင်းပွဲကို မေ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကျောင်းတော်ကြီး၏ သတ္တမထပ် ကမ္မဋ္ဌာန်းဆောင် ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ အောင်လက်မှတ်နှင့် ဆုများပါ ချီးမြှင့်မည်ဖြစ်သဖြင့် သင်တန်းသားတိုင်း တက်ရောက်ကြရန်နှင့် မိဘများလည်း သားသမီးများနှင့်အတူ တက်ရောက်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ဟိုပင်မြို့၌ အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

ကချင်ပြည်နယ် ဟိုပင်မြို့ မြသီတာရပ်ကွက် မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်တွင်(၁၉)ကြိမ်မြောက် အသံမစဲ အဘိဓမ္မာခုနစ်ကျမ်း မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ အခမ်းအနားကို ဧပြီ ၂၅ရက် မွန်းလွဲ ၁နာရီက မဟာစည်သာသနာ့ရိပ်သာဓမ္မာရုံ၌ ကျင်းပရာ ပင့်သံဃာတော်များက မေတ္တာသုတ် ပရိတ်ရွတ်ဆိုပူဇော်ကြပြီး မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ပဓာန ဆရာတော်က ပဋ္ဌာန်းတရား ချီးမြှင့်တော်မူသည်။

ထို့နောက် သံဃာတော်များအား အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင်၊ နွေနှမ်းနှင့်နွေစပါး စီမံချက်အတိုင်း အောင်မြင်အောင်စိုက်ပျိုး

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်သည် ဧပြီ ၃ ရက် နံနက်ပိုင်းက ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမဆောင်တွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည် မြို့နယ်များမှ မြို့နယ်ဥက္ကဋ္ဌများနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များအား တွေ့ဆုံ၍ စီမံချက်အတိုင်း ခြံစည်းရိုးကြက်ဆူပင် အပြည့်အဝ အောင်မြင်အောင် စိုက်ပျိုးရေး၊ နွေစပါးနှင့် နွေနှမ်းစိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သိရသည်။ (၃၇၈)

နွားထိုးကြီးနယ် တောဝေးအမက ကျောင်းဆောက်လုပ်ရေး ရန်ပုံငွေလှူဒါန်း

နွားထိုးကြီးမြို့နယ် ဆူးဖြူကုန်းကျေးရွာအုပ်စု တောဝေးအမကကျောင်းသို့ လှူဒါန်းသည့် ကျောင်းဆောက်လုပ်ရေး ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ၂၄ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက ငွေကျပ် နှစ်သောင်း၊ ဦးညွန့်ရွှေ-ဒေါ်ခင်ရွှေတို့က ငွေကျပ်ငါးသောင်း၊ ဦးလှဆောင်- ဒေါ်ထွေးတို့က ငွေကျပ် သုံးသိန်းငါးသောင်းကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နွေရာသီ မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ သင်တန်းဖွင့်

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစန်ဝင်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဒေါ်နီနီဝင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောသည်။ သင်တန်းတွင် တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ကုသရေးဆိုင်ရာ ပညာရပ်များ ပို့ချကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

နွေရာသီ ကြက်ခြေနီ၊ ဘင်ခရာနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်

နွေရာသီကျောင်းပိတ်ရက်တွင် ကြက်ခြေနီသင်တန်း၊ ဘင်ခရာသင်တန်းနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ၆ရက် နံနက်၉နာရီက မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူးကိုယ်စား ခံတွင်းနှင့် သွားဆရာဝန် ဒေါက်တာ တင်အောင်ချိုက ကြက်ခြေနီသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီး ဒေါ်သန်းညွန့်က ဘင်ခရာသင်တန်းနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း ပြောကြားကြပြီး သင်တန်းမှူးက သင်တန်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသူ သင်တန်းသား ၁၅၀ကျော် တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုံးကိုးမြို့ ကွန်ကရစ်လမ်းသစ်ဖွင့်

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့ စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်အတွင်း အရှည် ပေ ၅၂၀၊ အကျယ် ၁၇ ပေ၊ ဒု ၈လက်မရှိ မြစ်နှီ ကွန်ကရစ်လမ်းကို ခွင့်ပြုငွေကျပ် ၇၅၃၅၀၀ ကျခံသုံးစွဲပြီး ဆောက်လုပ်ခဲ့သည်။

အဆိုပါ လမ်းသစ်အား မတ် ၃၀ ရက်က ဖွင့်လှစ်ခဲ့ရာ နယ်မြေခံတပ်ရင်းမှ ဒုတိယ ဗိုလ်မှူးကြီး သိန်းထွဋ်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်နိုင်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးအောင်ဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိတ္ထီလာမြို့နယ် မုန်တိုင်စံပြကျေးရွာရှိ ကိုးဆူတိုက်ဆုတောင်းပြည့်စေတီတော်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၁

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မုန်တိုင်စံပြကျေးရွာရှိ ကိုးဆူတိုက် ဆုတောင်းပြည့် စေတီတော်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက အဆိုပါ စေတီတော်ရင်ပြင်၌ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၏ ဇနီး ဒေါ်ခင်နှင်းဝေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၏ဇနီး ဒေါ်ခင်သန့်စင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ မိတ္ထီလာတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဝတ်အသင်းများမှ အသင်းဝင်များ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ၊ မိတ္ထီလာမြို့နယ် မုန်တိုင်စံပြကျေးရွာရှိ ကိုးဆူတိုက်ဆုတောင်းပြည့်စေတီတော်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ကိုးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ဩဝါဒါစရိယ မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတ ထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ပရိတ်သဲနှင့်ပရိတ်ချည်များကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်ကြပြီး စေတီတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းသည် ကိုးဆူတိုက်ဆုတောင်းပြည့်စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်ကို စေတီတော်အားရည်မှန်း၍ နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်ပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်သည် နိုင်ငံတော်သံဃမဟာနာယက မိတ္ထီလာမြို့ ရွှေဘုံသာ ဆရာတော်ထံ ရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်ပြီး ဆရာတော်အားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၏ ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၏ ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၏ ဇနီး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၏ ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ရဲမြင့်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များသည် ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းသည် ဆရာတော် သံဃာတော်များအတွက် ဆွမ်းဆန်တော် အိတ်၁၀၀၊ ဆီပုံး ၁၀၀နှင့် ကြက်သွန်နီ ၂၄အိတ်တို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက မိတ္ထီလာမြို့ ရွှေဘုံသာ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇောဒယက သာခု အနုမောဒနာ ရေစက်ချတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များနှင့်ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေး ဆိုင်ရာများကို လျှောက်ထားပြီး အခမ်းအနားပထမပိုင်းကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဟိုတယ်နှင့်ခရီးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ (CRI) မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၁၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်အား တရုတ်–အာဆီယံပူးပေါင်းဆောင်ရွက်ရေး ခရီးစဉ်အတွက် မြန်မာနိုင်ငံတွင် မှတ်တမ်းတင် ရုပ်မြင်သံကြားရိုက်ကူးရန် ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ China Radio International (CRI) မှ ညွှန်ကြားရေးမှူး Mr. Luo Hong Bing နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က မြန်မာနိုင်ငံ၏ ထူးခြားသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာရေးနှင့် သဘာဝပတ်ဝန်းကျင်များကို အခြေပြုသော ခရီးသွားအရင်းအမြစ်များရှိသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Radio International (CRI) မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ညွှန်ကြားရေးမှူး Mr. Luo Hong Bing အား မန္တလေးနန်းမြို့ရိုးကျောက်စီပန်းချီကားကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

တွေ့ဆုံနှုတ်ဆက်ရာတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မိုင်းပတ်–ပန်ဆန်းကားလမ်းကတ္တရာခင်းခြင်းပြီးစီး မော်တော်ယာဉ်များခရီးလမ်းချောမွေ့စွာသွားလာနိုင်ပြီ

နေပြည်တော် မေ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီ ၃၀ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့သို့ ရောက်ရှိသည်။ တန့်ယန်းမြို့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး ထိုမှတစ်ဆင့် တန့်ယန်းမြို့ ရွှေမောင်းပရိယတ္တိ သီလရှင်စာသင်တိုက်နှင့် ဝေဠုဝန်ပရိယတ္တိစာသင်တိုက်များသို့ သွားရောက်၍ နယ်စပ်ဒေသရဟန်းသံဃာ၊ သီလရှင်စာသင်သားများ စာပေသင်ကြားမှုနှင့် ဆွမ်း၊ ကွမ်းကိစ္စရပ်များ၊ နယ်စပ်ဒေသ သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။

စစ်ဆေး

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် တန့်ယန်းမြို့မှထွက်ခွာပြီး တာကော်အက်မှ တစ်ဆင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ယူဖောက်လုပ်ခဲ့သော မိုင်းပတ်–ပန်ဆန်းကားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လမ်းတစ်လျှောက်စစ်ဆေးသည်။

တန့်ယန်း–တာကော်အက်–မိုင်းပတ်–ပန်ဆန်းလမ်း ၁၀၉မိုင် ၃ဖာလုံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ‘ဝ’ ဒေသသို့ အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်ပြီး ၂၀၀၇ခုနှစ်ဧပြီတွင် ပြီးစီးပြီး လားရှိုး–တန့်ယန်း–တာကော်အက်–ပန်ဆန်းကားလမ်းအား ကတ္တရာလမ်းဖြင့် ယာဉ်များချောမွေ့စွာ သွားလာ နိုင်ပြီဖြစ်သည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မေ၁ရက်နံနက်ပိုင်းတွင် ဒေသမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ပန်ဆန်းမြို့ရှိ ဒေသဖွံ့ဖြိုးရေးရုံး တည်ဆောက်ပြီးစီးမှုနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုပညာသင်တန်းကျောင်း တည်ဆောက်နေမှုကို သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

ထို့နောက် အခမ်းအနား ဒုတိယပိုင်းဖြစ်သည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေကြာသက်န်းတော် တင်လှူပူဇော်ခြင်းကို ကိုးဆူတိုက်ဆုတောင်းပြည့် စေတီတော်ရင်ပြင်၌ ဆက်လက်ကျင်းပရာ စိန်ဖူးတော်ကို ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းကလည်းကောင်း၊ ငှက်မြတ်နားတော်ကို ဗိုလ်ချုပ်ကြီး သူရ ရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်ကလည်းကောင်း၊ ရွှေကြာသက်န်းတော်၊ ဆပ်သွားဖူး၊ ဟသ်ာနှင့် အရံစေတီတော်များ၏ စိန်ဖူးတော်များကို တာဝန်ရှိသူများကလည်းကောင်း ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာ မဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ကပ်လှူပူဇော်

ယင်းနောက် စေတီတော်၏ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ ရွှေကြာသက်န်းတော်တို့ကို တပ်မတော်(လေ) မြလေယာဉ်ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ပင့်ဆောင်ရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီးနှင့် တာဝန်ရှိသူများက ပန်း၊ နံ့သာရည်တို့ဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရဲမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မင်္ဂလာအချိန်ကျရောက်သည်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် ရွှေကြာသက်န်းတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး နံ့သာရည်များဖြင့် ပူဇော်ကြသည်။ ထိုအချိန်တွင် ဆရာတော်၊ သံဃာတော်များက ဦးဆောင်၍ ဇယမင်္ဂလာအောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားတတိယပိုင်းဖြစ်သည့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းကို စေတီတော်ရင်ပြင်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက ထီး၊တံခွန်၊ပန်း၊ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ မိတ္ထီလာမြို့ ရေလယ်ကျောင်းတိုက် ဆရာတော် ဦးဆောင်သော ဆရာတော်သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် တာဝန်ရှိသူများသည် စေတီတော်ရင်ပြင်ရှိ ခေါင်းလောင်းတော်နေရာသို့ သွားရောက်ကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းသည် ခေါင်းလောင်းတော်ကြီးအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်၍လှူဒါန်းမှုအစုစုတို့အတွက် ခေါင်းလောင်းထိုးကာ အမျှပေးဝေသည်။

စိုက်ပျိုးပူဇော်

ထို့နောက် အခမ်းအနား စတုတ္ထပိုင်းဖြစ်သည့် စေတီတော် ပရိဝုဏ်အတွင်းရှိ အနောက်မြောက်ထောင့်တွင် မဟာဗောဓိရုက္ခ ရောပနပူဇာ မဟာဗောဓိပင်စိုက်ပျိုးပူဇော်ခြင်းအခမ်းအနား

စေတီတော်အထွတ်တွင် စိန်ဖူးတော်တင်လှူပူဇော်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရဲမြင့်နှင့် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့ စေတီတော်အထွတ်တွင် စိန်ဖူးတော်ကို တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

ကိုဆက်လက်ကျင်းပရာ ဒေဝါဝင်းရာဇာဝင်းများသည် မဟာဗောဓိပင် စိုက်ပျိုးပူဇော်မည့်နေရာဝန်းကျင်တွင် နေရာယူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် တာဝန်ရှိသူများသည် မဟာဗောဓိပင် စိုက်ပျိုးပူဇော်မည့် သတ်မှတ်နေရာများတွင် နေရာယူကြပြီး ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းသည် မဟာဗောဓိပင်စိုက်ပျိုးပူဇော်မည့် နေရာတွင် ရွှေငွေရတနာများ သွန်းလောင်းပြီး မြေဆီ၊မြေလွှာ၊မြေသြဇာများ လောင်းထည့်၍ စိုက်ပျိုးပူဇော်သည်။

အမွှေးနံ့သာများပက်ဖျန်း

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများသည် မဟာဗောဓိပင်အား ရေစင်သွန်းလောင်းပေးကြသည်။ ထိုအချိန်တွင် အခမ်းအနားမှူးက မဟာဗောဓိရုက္ခ ရောပနပူဇာဂါထာကို ဖတ်ကြားသည်။ ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်တို့က သာဓုသုံးကြိမ် ခေါ်ဆိုကြပြီး မဟာဗောဓိပင်အား ရေစင်ရေသန့်များ သွန်းလောင်း၍ အမွှေးနံ့သာရည်ဖြင့် ပူဇော်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းနှင့် တာဝန်ရှိသူများသည် ဗုဒ္ဓံသရဏံဂစ္ဆာမိ အစချီသော အရိယာသာဝိတ္ထိဂါထာတော်ကို သံပြိုင်ရွတ်ဆို၍ မဟာဗောဓိပင်အား လက်ယာရစ် တစ်ပတ်လှည့်လည် ပူဇော်ကြသည်။

ဆက်လက်ပြီး ဇယန္တော ဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာအောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသည်။

ပြန်လည်ပို့ဆောင်

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတန်းလွှာနှင့် ဒေဝဂဝေလာ ဂါထာတော်ကို ဖတ်ကြား၍ နတ်၊ ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် တာဝန်ရှိသူများနှင့် ပရိသတ်တို့က ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် တာဝန်ရှိသူများက အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုတ္တမကမ်းလွန်ဒေသ ဇောတိက-၃ တူးဖော်စမ်းသပ်မှု စွမ်းအင်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၁

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ထိုင်းနိုင်ငံ PTTEPI ကုမ္ပဏီမှ Vice President Mr. Suppamas Prachakvej နှင့် စွမ်းအင်ဝန်ကြီးဌာနမှတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၅ရက်တွင် မုတ္တမကမ်းလွန်ဒေသလုပ်ကွက်အမှတ် M-9ရှိ အကဲဖြတ်တွင်းအမှတ်ဇောတိက-၃၏ တွင်းတူးဖော်စမ်းသပ်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အကောင်အထည်ဖော်ဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မုတ္တမကမ်းလွန်ရှိ ရေနံတွင်းတူးစက် Doo Sung ပေါ်သို့သွားရောက်ကြပြီး တွင်းတူးစင်အစည်းအဝေးခန်းမ၌ Operation Manager, Mr. Pasook Eagark က ဇောတိက-၃ တွင်းတူးဖော်စမ်းသပ်နိုင်မှုအခြေအနေများနှင့်ဆက်လက်ဆောင်ရွက်မည့် တွင်းတူးဖော်မှုအစီအစဉ်များကိုလည်းကောင်း၊ Reservoir Engineer, Mr. Jakrin က M-9 လုပ်ကွက်အတွင်းတွေ့ရှိရသော သဲကြောများနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက M-9လုပ်ကွက်အတွင်း တွင်းတူးဖော်စမ်းသပ်မှုများပြုလုပ်ရာတွင် ဟိုက်ဒရိုကာဗွန်တွေ့ရှိထားပြီးသော ဧရိယာတစ်ဝိုက်တွင်သာမက M-9 လုပ်ကွက် အလယ်ပိုင်း၊ အနောက်ပိုင်းတို့ရှိ အလားအလာကောင်းသော အခြားနေရာများသို့လည်း စမ်းသပ်ရှာဖွေကြည့်သွားရန်နှင့် တွေ့ရှိပြီး သဘာဝဓာတ်ငွေ့များကို စီးပွားဖြစ်ထုတ်လုပ်မည့်လုပ်ငန်းစဉ်များကိုလည်း ယခုကတည်းက အကောင်အထည်ဖော်ဆောင်ရွက်သွားရန်မှာကြားသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ ဒုတိယဝန်ကြီးက မုတ္တမကမ်းလွန်တွင်းတူးစင်တွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာဝန်ထမ်းများနှင့် နိုင်ငံခြားသားဝန်ထမ်းများအား သစ်သီးခြင်းလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တွင်းတူးစင်ပေါ်သို့ သွားရောက်၍ လုပ်ကွက်အမှတ် M-9 ရှိအကဲဖြတ်တွင်းအမှတ် ဇောတိက-၃၏ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုများကို ထုတ်လုပ်ရေး Valve ကို ဖွင့်၍ အောင်မြင်စွာ မီးရှို့စမ်းသပ်ပေးသည်။

အလားအလာကောင်း

အဆိုပါ အကဲဖြတ်တွင်း ဇောတိက-၃သည် M-9 လုပ်ကွက်အတွင်း တွေ့ရှိထားသည့် Plio Pleistocene နှင့် Upper Miocene သက်တမ်းရှိ သဲကြောများ၏ ဖွံ့ဖြိုးမှုနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှုပမာဏ တိကျစွာသိရှိအကဲဖြတ်နိုင်ရန်ရည်ရွယ်၍ တူးဖော်ခဲ့ခြင်းဖြစ်ပြီး ဇောတိက-၃ တွင်းသည် တစ်ရက်လျှင် သဘာဝဓာတ်ငွေ့အများဆုံး ၂၆ ကုဗပေသန်း ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိသဖြင့် M-9လုပ်ကွက်အတွင်း စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်တည်ရှိနေမှုအလားအလာကောင်းများကို ခိုင်မာစွာ ထပ်မံအတည်ပြုနိုင်ပြီဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနသည် တူးဖော်တွေ့ရှိလျက်ရှိသော သဘာဝဓာတ်ငွေ့များကို နိုင်ငံတော်အတွက် အကျိုးအများဆုံးရှိစေမည့် နည်းလမ်းများကို စီမံချက်ချမှတ်ပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးရှို့စမ်းသပ်ပေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မုတ္တမကမ်းလွန်ဒေသလုပ်ကွက်အမှတ် M-9ရှိ အကဲဖြတ်တွင်း အမှတ်ဇောတိက-၃၏ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုအားထုတ်လုပ်ရေး Valveကို ဖွင့်၍ မီးရှို့စမ်းသပ်ပေးစဉ်။

(စွမ်းအင်)

အသေးစားမတည်ရင်းနှီးငွေလုပ်ငန်းလုပ်ကိုင်ပုံ နည်းစနစ်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အသေးစားမတည်ရင်းနှီးငွေလုပ်ငန်းလုပ်ကိုင်ပုံ နည်းစနစ်အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ဇနာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၁ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာနိုအယ်လ်ကလော့ဒီရိုကယ်ဘရီရာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ **(သတင်း–ရွှေဖုံး)** (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဘန်စန်းဘွန်နတ်ခ်် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ (CRI) မှ ညွှန်ကြားရေးမှူး Mr.Luo Hong Bing နှင့် အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်–အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးခရီးစဉ်အတွက် မြန်မာနိုင်ငံ၌ မှတ်တမ်းတင် ရုပ်မြင်သံကြားရိုက်ကူးရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Radio International (CRI) မှ ညွှန်ကြားရေးမှူး Mr. Luo Hong Bing ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံ၌ မှတ်တမ်းတင်ရုပ်မြင်သံကြားရိုက်ကူးရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Radio International (CRI) မှ ညွှန်ကြားရေးမှူး Mr. Luo Hong Bing နှင့် အဖွဲ့ လာရောက် တွေ့ဆုံစဉ်။

(သတင်းစဉ်)

အင်တာနက်ကျန်းမာရေး

အက်စပရင်သည် အူမကြီးကင်ဆာဖြစ်ပွားမှုကို ဟန့်တားနိုင်

အက်စပရင်ဆေးပြားများကို နေ့စဉ်သောက်သုံးခြင်းသည် အူမကြီး ကင်ဆာဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက ပြောကြားသည်။

ဟန့်တားနိုင်

အက်စပရင်ဆေးကို ရေရှည်သုံးစွဲသွားပါက အူနှင့် အစာအိမ်ဆိုင်ရာ ရောဂါများ မဖြစ်ပွားနိုင်အောင်လည်း ဟန့်တားကာကွယ်ပေးနိုင်ပြီး တစ်နေ့လျှင် အက်စပရင်ဆေးပြား ၃၀၀ မီလီဂရမ်ကို ငါးနှစ်တာမျှ သုံးစွဲပါက အူမကြီး ကင်ဆာသာမက အစာအိမ်ကင်ဆာများ မဖြစ်ပွားစေရန် ကာကွယ် ဟန့်တားပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

သုတေသနပြု

အမျိုးသား အမျိုးသမီး ၇၅၀၀ ခန့်တို့အား သုတေသနပြုခဲ့ရာ ၎င်းတို့အား တစ်နေ့လျှင် အက်စပရင်ဆေးပြား ၃၀၀ မီလီဂရမ်မှ ၅၀၀ မီလီဂရမ်အထိ ငါးနှစ်ခန့် နေ့စဉ်သုံးစွဲစေခဲ့ရာ အဆိုပါ ကင်ဆာရောဂါများမဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်ဟု ဗြိတိသျှသုတေသန ပညာရှင် ရိုဂယ်လန်းဂျွန်က ပြောကြားသည်။

သုတ်သင်နိုင်

အက်စပရင်ဆေးပြားသည် ကင်ဆာရောဂါမဖြစ်ပွားစေရန်အတွက် ကင်ဆာဆဲလ်များကို သုတ်သင်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

(ကိုးကား–အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂–၅–၂၀၀၇

(စနေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ နှောင်ကြိုးအစစ်တရားတော် (ပထမပိုင်း) ဒေါက်တာအရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)
- ၈း၀၀ ရေးမူမပျက်ကုသိုလ်ယူ ရှင်ပြုနားသ မြတ်သောအလှူ
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ တစ်ပတ်အတွင်းအားကစားသတင်း
- ၈း၄၀ တေးဂီတအစီအစဉ်
- ၈း၄၅ အရှိန်အဝါတောက်ပ မီးချောင်းရဲ့သဘာဝ
- ၉း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၄၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (သစ်ခေါင်းပျားမွေးမြူရေးသင်တန်း)
- ၉း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၀း၀၅ သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့် မြန်မာနိုင်ငံ အပိုင်း(၁)
- ၁၀း၃၅ တေးဂီတအစီအစဉ်
- ၁၀း၄၀ ပွင့်သောပန်းတိုင်းမွှေးစေချင်
- ၁၀း၅၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၅၅ Yangon Panorama (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား
- ၁၁း၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၃၀ စိုက်ပျိုးရေးကဏ္ဍအတွက် အကျိုးထူးစေတဲ့ ကယားပြည်နယ်ရဲ့ နိုးကိုးလျှပ်စစ်ရေတင်လုပ်ငန်း
- ၁၁း၄၅ တေးဂီတအစီအစဉ်
- ၁၁း၅၀ မြန်မာ့စပီရူလိုင်းနား
- ၁၂း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၂၀ ရွှေပြည်တော်ကိန်းအေးငြိမ်းပါလို ကုသိုလ်ဖြစ်ဆေးခန်းက အေးချမ်းစွာကြို
- ၁၂း၄၀ တေးဂီတအစီအစဉ်
- ၁၂း၄၅ ထူးထူးခြားခြားသစ်ခေါက်ပန်းချီကား
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီ အထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လက်ခံတွေ့ဆုံ

မေ ၁၁ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ပတ်ခ်ကီးချုံးအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း–ကျော်ဖုံး)

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ သံအမတ်ကြီး တွေ့ဆုံနှုတ်ဆက်

နေပြည်တော် မေ ၁၁

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် ရုံးအဖွဲ့မှူး ဦးနေမျိုးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် အဖွဲ့ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းအား မြန်မာနိုင်ငံတွင် မှတ်တမ်းတင် ရုပ်မြင်သံကြားရိုက်ကူးရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Radio International (CRI) မှ ညွှန်ကြားရေးမှူး Mr. Luo Hong Bing နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ (CRI) မှ ညွှန်ကြားရေးမှူးတွေ့ဆုံနှုတ်ဆက်

နေပြည်တော် မေ ၁၁

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းအား တရုတ်–အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးခရီးစဉ်အတွက် မြန်မာနိုင်ငံတွင် မှတ်တမ်းတင် ရုပ်မြင်သံကြားရိုက်ကူးရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Radio International (CRI) မှ ညွှန်ကြားရေးမှူး Mr. Luo Hong Bing နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ဖြေကြား

ထိုသို့ တွေ့ဆုံရာ၌ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လူ့စွမ်းအား အရင်းအမြစ်ပြုစုပျိုးထောင်မှုနှင့် မြန်မာ့ပညာရေး မျှော်မှန်းချက်များကို ရှင်းလင်းပြောကြားပြီး မေးမြန်းချက်များကို ဖြေကြားသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ညွှန်ကြားရေးမှူး Mr. Luo Hong Bing တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံနှုတ်ဆက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ–အိန္ဒိယချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၁

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲအတွက် Mr. R.K Durai Singh ခေါင်းဆောင်သော India University Champion Volleyball Team Men အသင်းသည် ယနေ့နံနက်ပိုင်းတွင်

ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လိုက်ပါ

အဆိုပါ India University Champion Volleyball Team Men အသင်းတွင် အဖွဲ့ဝင် ၁၃ ဦးတို့ လိုက်ပါလာကြသည်။

ကြည့်ရှုအားပေးနိုင်

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲများကို ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ ပထမပွဲကို မေ ၁၂ ရက် **(ယနေ့)** ညနေ ၃ နာရီတွင်လည်းကောင်း၊ ဒုတိယပွဲကို မေ ၁၄ ရက် ညနေ ၃ နာရီတွင် လည်းကောင်း၊ တတိယပွဲကို မေ ၁၅ ရက် ညနေ ၃ နာရီတွင်လည်းကောင်း၊ စတုတ္ထပွဲကို မေ ၁၇ ရက် ညနေ ၃ နာရီ တွင်လည်းကောင်း၊ ပဉ္စမပွဲကို မေ ၁၈ ရက် ညနေ ၃ နာရီတွင်လည်းကောင်း စုစုပေါင်း ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ ငါးပွဲကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲသို့ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲအတွက်ရောက်ရှိလာသော ဘော်လီဘော India University Champion ဘော်လီဘောအသင်း။ (ဘော်လီဘော်အဖွဲ့ချုပ်)

မေ ၈ ရက်က ဝန်ထမ်းအင်အား ၃၀၀ ခန့်တို့အား ကျန်းမာရေးအသိပညာဗဟုသုတကြွယ်ဝရေး ဟောပြောပွဲကို ရန်ကုန်မြို့ အောက်ပုဇွန်တောင်လမ်းမကြီးရှိ ရွှေဆည်တော် ကိုးသုံးလုံးစားသောက်ကုန် ကုမ္ပဏီခန်းမ၌ ကျင်းပရာ မျိုးဆက်သစ်လူငယ်တို့ သိမှတ်စရာ ကျန်းမာရေး အသိပညာခေါင်းစဉ်ဖြင့် ဟောပြောပြီး သိလိုသမျှမေးခွန်းများကို ဖြေကြားပေးသော ဆရာဝန်စာရေးဆရာမ ဒေါက်တာယဉ်မင်းဦး(ခ)ဒေါက်တာ နိုက်တင်ဂေးလ်အား မန်နေဂျင်းဒါရိုက်တာက မေတ္တာလက်ဆောင် ပေးအပ်စဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၂–၅–၂၀၀၇ ရက်

(စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၁၅	၆။	တေးဂီတအစီအစဉ်
၈း၃၀	၇။	International News.
၈း၄၅	၈။	Grammar made Easy.

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅	၅။	လက်ဆင့်ကမ်းဝေ အနုပညာအမွေ
၁၃း၀၅	၆။	လူမှုကရုဏာစာနာရေး ဝိုင်းဝန်းလက်တွဲ ဖော်ဆောင်ပေး
၁၃း၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃း၃၅	၈။	ချင်းပြည်နယ်ရဲ့ အလှတစ်ပါး ဗားရိတံတား
၁၃း၄၅	၉။	အကပြိုင်ပွဲ
၁၃း၅၅	၁၀။	မူဟန်သွယ်သွယ်ဆိုကြမယ်
၁၄း၁၀	၁၁။	လက်ဆင့်ကမ်းပေး ဂီတတေး (ဆိုင်း) (ဦးစိန်လှမြိုင်နှင့်အဖွဲ့)
၁၄း၂၀	၁၂။	တူပြိုင်ယှဉ်နွဲ ASEAN New Media Art Competition 2006 ပြိုင်ပွဲ
၁၄း၃၀	၁၃။	**အားနာလိုက်တာ** မော့စ်၊ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၄း၄၀	၁၄။	အစဉ်အလာကောင်းမည့် လှိုင်းချောင်းတမံ
၁၄း၄၅	၁၅။	International News.

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၁၆း၄၅	၄။	နားဝင်ပီယံ သူ့လက်သံ
၁၆း၅၅	၅။	တေးဂီတအစီအစဉ်
၁၇း၀၅	၆။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၇း၃၀	၇။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	အလှရှာမယ် လှကမ္ဘာဝယ်
၁၈း၄၅	၁၁။	အသွင်ပြောင်း ဒီပလိုမေစီ၏ ဇာတ်ကောင်များကို အထူးသတိပြု(အပိုင်း–၂)
၁၉း၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း–၂၄)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းနှင်းဆီ"** (အပိုင်း–၁၅)

တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်တွင် တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ် ထုတ်လုပ်ရေး စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မေ ၉ ရက်က တွေ့ရစဉ်။

(တရုတ်နိုင်ငံအတွင်းတွင် ပြီးခဲ့သည့်နှစ်အတွင်း ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ခြောက်သန်းကျော် ထုတ်လွှတ်ပေးခဲ့ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ပါကစ္စတန်မှ အိန္ဒိယသို့ ဂျုံတန်ချိန်တစ်သန်း ယခုနှစ်အတွင်း တင်ပို့ရန် မျှော်မှန်း

အစ္စလမ္မာဘတ် မေ ၁၁

ပါကစ္စတန်နိုင်ငံအနေဖြင့် ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ ဂျုံတင်ပို့မှုမှာ တန်ချိန်တစ်သန်းသို့ ရောက်ရှိလာနိုင်ကြောင်း၊ အစိုးရအနေဖြင့် ယခင်ကတည်းက ပုဂ္ဂလိကလုပ်ငန်းများအား ဂျုံတန်ချိန် ၅၀၀၀၀၀ ကျော်တင်ပို့ရန် ခွင့်ပြုပေးထားကြောင်း အစားအစာနှင့် စိုက်ပျိုးရေးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အစ်မာကျူရာရှီ၏ ပြောကြားချက်ကို ဒေါင်းဒေးလီး သတင်းဌာနက ကိုးကားဖော်ပြသည်။

ယခုအချိန်တွင် ပါကစ္စတန်နိုင်ငံမှ အိန္ဒိယနိုင်ငံ အတွင်းသို့ ဂျုံတင်ပို့ရာတွင် ပင်လယ်ရေကြောင်းခရီးသာမက မီးရထားလမ်းများပါ အသုံးပြု၍ တင်ပို့နိုင်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

သက်သာ

အိန္ဒိယနိုင်ငံမှ ဂျုံတန်ချိန် တစ်သန်း တင်သွင်းရန် တင်ဒါခေါ်ယူခဲ့ကြောင်း၊ သယ်ယူစရိတ်များစွာ သက်သာသဖြင့် ပါကစ္စတန် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများအနေဖြင့် ကမ္ဘာ့ဂျုံဈေးကွက်ကို ယှဉ်ပြိုင်နိုင်ကြောင်း မိုဟာမက်အစ်မာ ကျူရာရှီက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ကရာချေး ပြည်နယ်မှ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ ပင်လယ်ရေကြောင်းခရီးနှင့် မီးရထားလမ်းများမှ ဂျုံများကို တင်သွင်းမည် ဖြစ်သည်။

ခွင့်ပြု

ပြီးခဲ့သည့် သီတင်းပတ်က ပါကစ္စတန်သမ္မတ ရှော့ကတ်အဇစ်က အိန္ဒိယနိုင်ငံနှင့် အာဖဂန်နစ္စတန် နိုင်ငံများအပါအဝင် အခြားအိမ်နီးချင်း နိုင်ငံများသို့ ဂျုံတင်ပို့ရန် ခွင့်ပြုပေးထားကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုလံဘီယာ၌ ကိုကင်းကီလို ၇၀၀ကျော် သိမ်းဆည်းရမိ

ဘိုဂိုတာ မေ ၁၁

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ မေ၇ရက်က မူးယစ်ဆေးဝါး စစ်ဆင်ရေးနှစ်ခုပြုလုပ်ခဲ့ရာ အာဏာပိုင်များက ကိုကင်း ၇၂၂ကီလို သိမ်းဆည်းရမိခဲ့ကြောင်း ကိုလံဘီယာ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဖမ်းဆီး

ပထမ စစ်ဆင်ရေးတစ်ခုမှာ ကိုလံဘီယာနိုင်ငံတောင်ပိုင်း ကတ်ကာပြည်နယ် အဝေးပြေးဘတ်စ်ကား တစ်စီးပေါ်၌ ကိုကင်းတန်ဝက်ခန့်ကို သယ်ဆောင်လာစဉ် နယ်ခြားစောင့် တပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်။

ရှာဖွေတွေ့ရှိ

ထပ်မံ၍ ကာရီဘီယန်ကျွန်းရှိ ဆိပ်ကမ်းမြို့တစ်မြို့၌ စက်လှေတစ်စီးပေါ်တွင် ကိုကင်း ၂၂၂ကီလိုနှင့်ဘိန်းဖြူ ၂၃၂ ကီလိုတို့ကို ပြည်သူ့ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

တာ့မင်နစ္စတန်မှဓာတ်ငွေ့ ရုရှားတင်သွင်းမည်

မော်စကို မေ ၁၁

ရုရှားနိုင်ငံက ၂၀၀၇ ခုနှစ်တွင် တာ့မင်နစ္စတန်နိုင်ငံမှ သဘာဝဓာတ်ငွေ့ ဘီလီယံကုဗမီတာ ၅၀ တင်သွင်းသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ဆက်သွယ်သည့် ဓာတ်ငွေ့ပိုက်လိုင်းကိုလည်း တည်ဆောက်မည်ဟု မျှော်လင့်ရကြောင်း အီတာတာ့စ် သတင်းအေဂျင်စီက မေ ၈ ရက်၌ သတင်းဖော်ပြသည်။

ယင်းနှစ်နိုင်ငံသည် ၂၀၂၈ ခုနှစ်အထိ ကာလရှည် ဓာတ်ငွေ့စာချုပ်ချုပ်ဆိုထားပြီး ရုရှားနိုင်ငံက ထိုကာလအတွင်း သဘာဝဓာတ်ငွေ့ ဘီလီယံကုဗမီတာ ၉၀ အထိ တင်သွင်းမည်ဟု မျှော်လင့်ရကြောင်း ရုရှားစွမ်းအင်ဝန်ကြီး အင်ဒရီရီယပ်၏ ပြောကြားချက်ကို ကိုးကားလျက် ၎င်းသတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန် လက်စ်ဗီးဂက်စ်မြို့တွင် ဗုံးပေါက်ကွဲ

လော့စ်အိန်ဂျလိစ် မေ ၁၁

အမေရိကန်နိုင်ငံ အရှေ့မြောက်ဘက် မိုင် ၃၀၀အကွာရှိ လက်စ်ဗီးဂက်စ်မြို့တွင် လောင်းကစားရုံ၌ မေ ၇ရက် စောစောပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဗုံးကို လပ်ဆာဟိုတယ်လောင်းကစားရုံ ဒုတိယထပ်နောက်ပိုင်း ကားပါကင်ရှိ ကားတစ်စီးခေါင်မိုးပေါ်တွင် တင်ထားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ် သတင်းထောက်လေးဦး ကယ်ကွတ်မြို့အနီး၌ ပစ်သတ်ခံရ

ကယ်ကွတ် မေ ၁၁

အီရတ်နိုင်ငံ ကယ်ကွတ်မြို့မြောက်ပိုင်း၌ မေ ၉ ရက်က အီရတ်သတင်းထောက်လေးဦးအား သေနတ်သမားများက ပစ်သတ်၍ သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံသည် သတင်းထောက်များအတွက် အန္တရာယ်အရှိဆုံး နိုင်ငံဖြစ်လာကြောင်း၊ ယမန်နှစ်က ယင်းနိုင်ငံ၌ သတင်းထောက် ၄၆ ဦး သေဆုံးခဲ့ရာ ၄၄ ဦးမှာ အီရတ်များဖြစ်ကြောင်း ဗီယင်နာအခြေစိုက် နိုင်ငံတကာ သတင်းစာသင်တန်းကျောင်းက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်တောင်ပိုင်း၌ လေကြောင်းမှတိုက်ခိုက် အပြစ်မဲ့အရပ်သား ၂၁ ဦးသေဆုံး

ကဘူးလ် မေ ၁၁

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်မန်ပြည်နယ် ဆန်ဂျင်းခရိုင်၌ မေ ၈ ရက်ညက လေကြောင်းမှ တိုက်ခိုက်ခံရသဖြင့် အမျိုးသမီးနှင့်ကလေးများ အပါအဝင် အရပ်သား ၂၁ ဦး သေဆုံးသွားခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အဆာဒူလာဝါဖာက ဆင်ဟွာသို့ မေ ၉ရက်တွင် ပြောကြားလိုက်သည်။

ယင်းလေကြောင်း တိုက်ခိုက်မှုသည် နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များက လေကြောင်းမှ ဆာဗန်ကွာလာရွာကို တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် နန်ချောင်းမြို့ အနီးတွင် တောမီးများ လောင်ကျွမ်းလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်နေကြသည်ကို မေ ၉ ရက်က တွေ့ရစဉ်။

(အဆိုပါ တောမီးသည် သစ်တော ခုနစ်ဟက်တာကို လောင်ကျွမ်းခဲ့ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

လမ်းဘေးဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက် ကူဖာမြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲပြီးနောက် အပျက်အစီးများအား မေ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်အရပ်သားများ သေဆုံးဒဏ်ရာရမှု အမေရိကန် စစ်ဘက်က ဝန်ချတောင်းပန်

ဝါရှင်တန် မေ ၁၁

အာဖဂန်နစ္စတန်အရပ်သားများ သေဆုံးရမှုအတွက် အမေရိကန်စစ်ဘက်က မေ ၈ ရက်တွင် ဝန်ချတောင်းပန်လိုက်ပြီး မတ်လအတွင်းက ထိုအဖြစ်မှာ ကြောက်မက်ဖွယ်ရာကောင်းသည့် အမှားတစ်ခုဖြစ်ကြောင်း အမေရိကန် စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

သတ်ဖြတ်

မတ် ၄ရက်က အဖစ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များပစ်ခတ်မှုကြောင့် ၁၉ဦး သေဆုံးပြီး ၅၀ ဒဏ်ရာရကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန် နိုင်ငံသားများအား သတ်ဖြတ်ခြင်းကြောင့် သူများစွာရှက်မိကြောင်း အာဖဂန်နစ္စတန် အရှေ့ပိုင်းမှ အမေရိကန်တပ်ဖွဲ့များ၏ တပ်မှူးဗိုလ်မှူးကြီး ဂျွန်နစ်ကိုဆန်က ပြောကြားသည်။

ဝမ်းနည်း

အပြစ်မဲ့ အာဖဂန်နစ္စတန်ပြည်သူများကို သတ်ဖြတ် ဒဏ်ရာရစေသည့်အတွက် မိမိများစွာရှက်မိပြီး အထူးပင် ဝမ်းနည်းရပါကြောင်း ဗိုလ်မှူးကြီး ဂျွန်နစ်ကိုဆန်က ပြောကြားသည်။

ပြောကြား

အရပ်သားများ ထိခိုက်သေဆုံးမှုကို အာဖဂန်နစ္စတန်နိုင်ငံက လက်မခံနိုင်တော့ကြောင်း အာဖဂန်သမ္မတကာဇိုင်းက ပြီးခဲ့သည့် ရက်သတ္တပတ်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အိန္ဒိယနိုင်ငံ သြရိဿ ပြည်နယ် အရှေ့ပိုင်း ကာကွယ်ရေး အခြေစိုက်စခန်းမှ ပရစ်ဗီ-၁ အမည်ရှိမြေပြင်မှ ဝေဟင်ပစ် ကာကွယ်ရေး ဒုံးကျည်စမ်းသပ်ပစ်လွှတ်သည်ကို မေ ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

အိန္ဒိယနိုင်ငံက တာလတ်ပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်

နယူးဒေလီ မေ ၁၁

အိန္ဒိယနိုင်ငံသည် မေ ၉ ရက်က အိန္ဒိယနိုင်ငံ သြရိဿပြည်နယ်အရှေ့ဘက် ကာကွယ်ရေးအခြေစိုက်စခန်းတစ်ခုမှနေ၍ ပရစ်ဗီ-၁ အမည်ရှိ မြေပြင်မှဝေဟင်ပစ် တာလတ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အင်ဒို-အာရှသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါဒုံးကျည်ကို ဘာလာဆိုရီ ခရိုင်ကမ်းရိုးတန်းရှိ ချန်ဒီပူရာဒုံးကျည်စမ်းသပ်ပစ်လွှတ်ရေးစခန်းမှ မေ ၉ရက် နံနက် ၁၀ နာရီ ၄ မိနစ်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းများက ဖော်ပြသည်။

ပရစ်ဗီ-၁ ဒုံးကျည်သည် အိန္ဒိယနိုင်ငံကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ဒီအာဒီအို)မှ စမ်းသပ်ထုတ်လုပ်ထားသော ပရစ်ဗီဒုံးကျည်ငါးစင်းမှ တစ်စင်းဖြစ်သည်။

ပစ်ခတ်နိုင်

ပရစ်ဗီ-၁ ဒုံးကျည်သည် အရှည် ၈ ဒသမ ၅၆မီတာရှည်ပြီး လုံးပတ်တစ်မီတာရှိကာ အလေးချိန် ၄ ဒသမ ၄တန်ရှိပြီး ကီလိုမီတာ ၁၅၀အထိ ပစ်ခတ်နိုင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အေပက်သို့ဝင်ရန် ကမ္ဘောဒီးယားဆန္ဒရှိ

ဖနောင်ပင် မေ ၁၁

ကမ္ဘောဒီးယားနိုင်ငံသည် အာရှ-ပစိဖိတ်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)၏အဖွဲ့ဝင်ဖြစ်ရန် ဆန္ဒရှိနေကြောင်း ကမ္ဘောဒီးယား အရာရှိကြီးတစ်ဦးက မေ ၉ ရက်၌ ပြောကြားသည်။

ပူးပေါင်း

မိမိတို့အနေဖြင့် ကမ္ဘာနှင့်ဒေသအတွင်း နိုင်ငံ၏စီးပွားရေးတိုးတက်မှုအဆင့်မြင့်တင်ရေးအတွက် အေပက်အဖွဲ့သို့ ဝင်ရောက်လိုခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဟော်နမ်ဟွန်က ပြောကြားသည်။

ပြောကြား

သို့သော်လည်း ကမ္ဘောဒီးယား နိုင်ငံအနေဖြင့် အေပက်အဖွဲ့ဝင်ဖြစ်မှု၊ မဖြစ်မှုသည် အရေးကြီးသောကိစ္စရပ် မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အရှေ့အာရှဖိုရမ်သည် ကမ္ဘောဒီးယားနိုင်ငံအတွက် အရေးပါသော အနေအထားအဖြစ်ရှိနေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကျင်းပ

အရှေ့အာရှဖိုရမ်တွင် အေပက်အဖွဲ့ဝင် နိုင်ငံအများအပြား ပါဝင်ကြောင်းနှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ဝင်နိုင်ငံများတွင် အရှေ့အာရှဖိုရမ် အမြဲတမ်းကျင်းပနေခြင်းကြောင့် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အရှေ့အာရှဖိုရမ်တွင် အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံအပြင် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများလည်း ပါဝင်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တောင်အာရှဒေသမှ ကလေးငယ် ၁၀သန်းကျော် အေအိုင်ဒီအက်စ်ရောဂါကူးစက် ခံစားနေရ

ခတ္တမန္ဒူ မေ ၁၁

တောင်အာရှဒေသတွင်ရှိသော ကလေးငယ် ၁၀ သန်းကျော်သည် အိပ်ချ်အိုင်ဗွီကူးစက်မှုနှင့် အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားမှုများ ခံစားကြုံတွေ့နေရကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ပြောကြားသည်ဟု သည်ဟိမာလာယန်တိုင်းမ် သတင်းစာက မေ ၈ ရက်၌ ဖော်ပြသည်။

တောင်အာရှဒေသရှိ ကလေးငယ်များမှာ အိပ်ချ်အိုင်ဗွီပိုးရပ်စ်ကူးစက်မှုအရေးအတွက် အနည်းငယ်တိုးမြင့်လာရခြင်းမှာ အေအိုင်ဒီအက်စ်ရောဂါကြောင့် မိဘမဲ့ဖြစ်ခဲ့ရသည့် ကလေးငယ်များ သို့မဟုတ် အိပ်ချ်အိုင်ဗွီပိုးရပ်စ်ပိုးရှိသူ မိဘများနှင့်အတူ နေထိုင်သူကလေးများ အရေအတွက်ကြောင့်ဖြစ်ကြောင်း ယူနီဆက်ဖ်က ပြောကြားသည်။

ချမှတ်

တောင်အာရှဒေသရှိ ကလေးငယ်များအား အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၏ ဆိုးကျိုးသက်ရောက်မှုဆိုင်ရာ နှစ်ရက်ကြာ အစည်းအဝေးကျင်းပမည်ဖြစ်ရာ ၎င်းအစည်းအဝေး၌ အဆိုပါရောဂါမှ ကလေးငယ်များအား အကာအကွယ်ပေးရန်နှင့် နည်းဗျူဟာများချမှတ်ရေး ဆွေးနွေးကြမည်ဖြစ်သည်။

အသိပညာပေး

ထို့အတူ ကလေးများအား အသိပညာပေးမှု အစီအစဉ်များလည်း ကျင်းပသွားကြမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တူရကီနိုင်ငံတောင်ပိုင်း၌ နှစ်ပေါင်း ၂၄၀၀ ခန့်က ရှေးဟောင်းပစ္စည်းများ တူးဖော်တွေ့ရှိ

အန်ကာရာ မေ ၁၁

တူရကီနိုင်ငံ တောင်ပိုင်း၌ အဆောက်အအုံတစ်ခု တည်ဆောက်ရန် မြေကြီးများတူးဖော်ရာမှ လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀ ခန့်က ရှေးဟောင်းပစ္စည်းများ တူးဖော်တွေ့ရှိရကြောင်း အနာတိုလီရာ သတင်းဌာနက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မိဒီတာရန်မြို့၌ ဘီစီလေးရာစုခန့်က အရိုးစုများကို သုတေသနပညာရှင်များက တွေ့ရှိခဲ့ရသည့်အပြင် ရှေးဟောင်းအသုံးအဆောင် ပစ္စည်းများဖြစ်သည့် ရေနွေးအိုး၊ ပုလင်း၊ ကရား၊ ကြေးခွက်နှင့် ငွေဒင်္ဂါးများ ပါဝင်သည်။

အဆိုပါ သမိုင်းဝင်ရှေးဟောင်းပစ္စည်းများကို တူရကီနိုင်ငံ အန်တာလျှန် အမျိုးသားပြတိုက်သို့ ပေးပို့ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်ရှိ သြစတြေးလျ တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ

ကင်ဘာရာ မေ ၁၁

အီရတ်နိုင်ငံတောင်ပိုင်းတွင် သြစတြေးလျတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရကြောင်း၊ သို့သော် ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း၊ အီရတ်တောင်ပိုင်းရှိ သြစတြေးလျတပ်ဖွဲ့ဝင်များ၏ တပ်မှူး တိုနီရောလင်း၏ ပြောကြားချက်အရ သိရသည်။

တိုက်ခိုက်

ဒေသစံတော်ချိန် မေ ၇ ရက် မွန်းလွဲပိုင်းက အယ်မူသာနာပြည်နယ် ဆာမာဝပ်မြို့တော်တွင် ပုံမှန်လုံခြုံရေးဆောင်ရွက်စဉ် သြစတြေးလျတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရကြောင်း မစ္စတာရောလင်းက အေဘီစီရေဒီယိုသို့ မေ ၈ ရက်က ပြောကြားသည်။

ပစ်ခတ်

တပ်ဖွဲ့ဝင်များအား ဒုံးပစ်လောင်ချာဖြင့် တစ်ချက်ပစ်ပြီး အေကေ ၄၇ ရိုင်ဖယ်များနှင့်လည်း ပစ်ခတ်တိုက်ခိုက်သေးသည်ဟု ၎င်းကပြောကြားသည်။

စေလွှတ်

အီရတ်နိုင်ငံနှင့် အနီးတစ်ဝိုက်တွင် သြစတြေးလျတပ်ဖွဲ့ဝင် ၁၄၅၀ စေလွှတ်ထားသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘောလုံးကစားနေသော ကြက်ဖများ

ဘောလုံး ကစားနေသော ကြက်ဖနှစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ရှန်ယန်မြို့တွင် တရုတ်အမျိုးသမီးတစ်ဦး မွေးမြူထားသော ကြက်ဖ နှစ်ကောင်မှာ ရော်ဘာဘောလုံးဖြင့် ဘောလုံး ကစားပြနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာသုံးသန်းကျော်တန် ပန်းကန်လုံးများ

အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်သော တရုတ်တို့၏ရှေးခေတ် ပန်းကန်လုံးများ။ (ယာပုံ)

အဆိုပါ ပန်းကန်လုံးများမှာ လွန်ခဲ့သည့် ၁၇၂၃ခုနှစ်မှ ၁၇၃၅ခုနှစ်အကြား တရုတ်နိုင်ငံတွင် ပြုလုပ်သုံးစွဲခဲ့သော ကြွေပန်းကန်လုံးများဖြစ်ပြီး ဟောင်ကောင်၌ ကျင်းပသည့် လေလံတင်ရောင်းချပွဲ၌ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၅ သန်း သတ်မှတ်ထားကြောင်းသိရသည်။ **(အင်တာနက်)**

ပန်းဝတ်မှုန်ဖက်ရှင်(၂) အထည်ဆိုင်သစ်ဖွင့်
လက်လီလက်ကားရောင်းချလိုသူများ ဆက်သွယ်နိုင်

ရန်ကုန် မေ ၁၁

ပန်းဝတ်မှုန် ဖက်ရှင်(၂) အထည်ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် စိန်တစ်ခြူလမ်း ကျန်စစ်သားအိမ်ရာ တိုက်အမှတ် (၃၂) အခန်းအမှတ်(၀၀၂)၌ ကျင်းပရာ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်၊ လှိုင်သာယာ စက်မှုဇုန် အပိုင်း(၅)စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြမောင်နှင့် ပန်းဝတ်မှုန်ဖက်ရှင်ဆိုင်ပိုင်ရှင် (Online) ကိုယ်စားလှယ် ဒေါ်ဖြိုးသန္တာလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အဆိုပါ ဆိုင်သစ်ဖွင့်ပွဲသို့ လှိုင်သာယာမြို့နယ် အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအပြီးတွင်ဧည့်သည်များအား ပန်းဝတ်မှုန်ဖက်ရှင် ဆိုင်ပိုင်ရှင် ဒေါ်ဖြိုးသန္တာလှိုင်နှင့် ဦးခင်လှိုင်(ချစ်မိုးညို)တို့က ဆိုင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ဖွင့်လှစ်ရောင်းချ

ပန်းဝတ်မှုန် ဖက်ရှင်နှစ်ဆိုင်သည် Online Brand အထည်များသာ သီးခြား ရောင်းချပေးပြီး ယောကျ်ားဝတ်၊ မိန်းမဝတ်၊ ကလေးဝတ်၊ ဖက်ရှင်ဆိုက်စုံ၊ အရွယ်စုံတို့ကို စိတ်တိုင်းကျရရှိနိုင်သော ဆိုင်ဖြစ်သည်။ အလားတူ ပန်းဝတ်မှုန်ဖက်ရှင်(၁)ဆိုင်ကို ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် အမှတ် (၂)ရပ်ကွက်၊ မြဂန္ဓမာဈေးဆိုင် အမှတ် (၁)၊ရုံ(၁)တွင် မတ်လဆန်းပိုင်းက ဖွင့်လှစ်ရောင်းချလျက်ရှိပြီး လက်လီ လက်ကား ရောင်းချလိုသူများ လာရောက် ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအဆင့်မီ မြန်မာမျက်မှန် အရောင်းဆိုင်
နေပြည်တော်သပြေကုန်း ဈေးသစ်ကြီးတွင်ဖွင့်
ဝန်ဆောင်မှုကောင်းမွန်စွာ ထုတ်လုပ်ရောင်းချပေးမည်

နေပြည်တော် မေ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ယခင်ဆေးနှင့် ဆေးကိရိယာ ရောင်းဝယ်ရေးလုပ်ငန်းမှ မျက်မှန်ကျွမ်းကျင်(အငြိမ်းစား) ဝန်ထမ်းများ၏ နိုင်ငံတကာအဆင့်မီ မြန်မာမျက်မှန်အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သပြေကုန်း ဈေးသစ်ကြီး တောင်ဘက်တန်း ဆိုင်ခန်း အမှတ် (က-၂၇)၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်နှင့် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးဦးကိုကိုတို့က အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

မြန်မာမျက်မှန် အရောင်းဆိုင်သည် ယခင်ဆေးနှင့် ဆေးကိရိယာ ရောင်းဝယ်ရေးလုပ်ငန်း၏ မြန်မာမျက်မှန် အရောင်းဆိုင်တွင် တာဝန်ယူဆောင်ရွက်ကြသော မျက်မှန် ကျွမ်းကျင် (အငြိမ်းစား) ဝန်ထမ်းများ နိုင်ငံတော်က သင်ကြားပေးထားသော နည်းပညာများဖြင့် နည်းပညာမှန်၊ စံချိန်စံညွှန်းမှန်၊ ဈေးနှုန်းမှန်၊ ပစ္စည်းမှန် အနီးကြည့်၊ အဝေးကြည့် စာကြည့်မျက်မှန်၊ နေကာမျက်မှန်များကို ဝန်ဆောင်မှုကောင်းမွန်စွာ ထုတ်လုပ်ရောင်းချပေးသွားမည့်အပြင် မျက်စိစမ်းသပ်မှုကို လစဉ် ၁ ရက်မှ ၅ ရက်အထိ လည်းကောင်း၊ ၁၅ ရက်မှ ၁၉ ရက်အထိလည်းကောင်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ယခင်ဆေးနှင့် ဆေးကိရိယာရောင်းဝယ်ရေးလုပ်ငန်းမှ မျက်မှန်ကျွမ်းကျင်(အငြိမ်းစား)ဝန်ထမ်းများ၏ နိုင်ငံတကာအဆင့်မီ မြန်မာမျက်မှန်အရောင်းဆိုင် ဖွင့်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်နှင့် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုတို့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ယင်းမာလမ်း ဝါးဘလောက်သောက် ရွာနေ နှစ်ဖက်သော အဘိုး၊ အဘွားများကို ဦးထိပ်ထား၍ ဦးတင်ထွန်း- ဒေါ်မူတင်၊ သား မောင်လှမျိုးထွန်း၊ ဗိုလ်အောင်မျိုးထွန်း၊ မောင်အောင်ရဲထွန်း၊ မောင်ဖွဲ့သီဟထွန်း မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင်မပေါ့နှင့်

ကက်ကင်းဇာတ်ကား ဆက်လက်အောင်ပွဲခံ
မြန်မာဇာတ်ကားသစ် ရုံမဝင်

ရုပ်ရှင်
သတင်းထောက်

ရန်ကုန် မေ ၁၁

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ **ကက်ကင်း**ဇာတ်ကား ဆက်လက်အောင်ပွဲခံပြသနေသည်။ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးပြီး ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး၊ မေသဥ္ဇာဦးနှင့်နန္ဒာလှိုင်တို့ ပါဝင်ထားသည့်**ကက်ကင်း**ဇာတ်ကား သမ္မတနှင့်သွင်ရုံများတွင် ဆက်လက်အောင်ပွဲခံပြသလျက်ရှိသည်။

မင်္ဂလာအဆင့်မြင့်ရုံတွင် ဒါရိုက်တာ Edward zwick ရိုက်ကူးပြီး Leonardo Dicaprio, Jennifer Connelly တို့ပါဝင်သရုပ်ဆောင်ထားသော Blood Diamond ဇာတ်ကား ရုံဝင်လာသည်။ ရွှေဆောင်ရုံတွင် Curse of the Golden Flower ဇာတ်ကားပြသနေပြီး နေပြည်တော်ရုံတွင် 300 ဇာတ်ကားဆက်လက်အောင်ပွဲခံနေသည်။ ရွှေဂုန်ရုံမြေညီထပ်တွင် မီးသွန်းချာကရာဗော်တီ ပါဝင်သရုပ်ဆောင်ထားသော Kasam paida karne wale ki ဇာတ်ကားရုံဝင်လာပြီးအပေါ်ထပ်တွင် အက်ရှင်မင်းသား ဗန်ဒမ်း ပါဝင်သရုပ်ဆောင်ထားသော Universal Soldier ဇာတ်ကားပြသနေသည်။ မြို့မအဆင့်မြင့်ရုပ်ရှင်ရုံတွင် Humraaz ဇာတ်ကား ရုံဝင်လာသည်။

"စုန်းနက္ခတ်" ဇာတ်ကားမှ ကျော်သူ၊ မို့မို့မြင့်အောင်နှင့် နဝရတ်တို့၏ သရုပ်ဆောင်မှု။

"ကက်ကင်း" ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

အဆင့်မြင့်မြန်မာဗီဒီယို

အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား **စုန်းနက္ခတ်** ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ရောဝတီ၊ မြရတနာ၊ မင်းရန်အောင်၊ ရွှေရတနာ(မြောက်) ရုံများတွင် ပြသနေသည်။ မြို့လယ်ဆုထူးပန်ရုံတွင် အိန္ဒိယ သမိုင်းဇာတ်ကား Asoka ဇာတ်ကား ရုံဝင်လာသည်။ ဘုရင့်ရုံတွင် Hulchul ဇာတ်ကား ပြသနေသည်။ ။ **(မြန်မာ့အလင်း)**

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ-၄ လက်ဝှေ့ပြိုင်ပွဲ မိတ်ဆက် အသည်းကောင်းပြီး ပွဲတောင်းကြသူများ၏ စကားသံများ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၁

“မျှော်စင်ကျွန်းမှ စိန်ခေါ်သံ–၄” လက်ဝှေ့ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း)၌ မေ ၁၂ ရက် **(ယနေ့)** ညနေ ၆နာရီတွင် ကျင်းပမည်ဖြစ်သည်။

“ဒီပွဲကို အနိုင်ထိုးမယ်လို့ ဆုံးဖြတ်ထားပါတယ်”
ချာန်ထူး (ချန်ပီယံလုံးချော အား စိန်ခေါ်ထိုးသတ်မည့်သူ)

မြန်မာပြည် အလွတ်တန်း ချန်ပီယံလုပွဲကြီးဖြစ်သော **“မျှော်စင်ကျွန်းမှ စိန်ခေါ်သံ – ၄”** လက်ဝှေ့ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် လက်ဝှေ့ကျော်များနှင့် မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက် တွေ့ဆုံ မေးမြန်းမှုများကို မြန်မာ့လက်ဝှေ့ ပရိသတ်များအတွက် ကြိုတင်သတင်းစကား ပါးလိုက်ပါသည်။

ချာန်ထူး

ပထမဦးစွာ မြန်မာပြည် အလွတ်တန်း ရွှေခါးပတ်ချန်ပီယံ လုံးချောအား စိန်ခေါ်ထိုးသတ်မည့် ချာန်ထူးနှင့် တွေ့ဆုံမေးမြန်းရာ ချာန်ထူးက **“လုံးချော လက်ဝှေ့ထိုးတာကို အပြင်မှာတော့ မမြင်ဖူးပါဘူး။ သူရဲ့ ထိုးသတ်ပုံတွေကိုတော့ ဗီဒီယိုထဲမှာ မြင်ဖူးပါတယ်။ သူက လက်ရော ဒူးပါ အားသန်တဲ့သူဆိုတော့ သတိထားထိုးရမှာပါ။ ရန်ကုန်မှာ တစ်ကြိမ်ပဲလာပြီး လက်ဝှေ့ထိုးဖူးတာဆိုတော့ အတွေ့အကြုံ အများကြီး ရမယ့်ပွဲပါပဲ”**ဟု ဦးစွာ ပြောကြားသည်။

ချာန်ထူးသည် အရပ်ငါးပေ၊ ကိုးလက်မခန့် မြင့်ပြီး ကိုယ်လုံးကိုယ်ထည် တောင့်တင်းကာ ကြံ့ခိုင်မှုအပြည့်ရှိသော လက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည်။ ပင်ကိုပုံစံက အေးအေးနေတတ်ပြီး စကားလည်းနည်းသူတစ်ဦးဖြစ်သည်။

ပြင်ဆင်မှု

ယခုပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်ခဲ့မှုနှင့်ပတ်သက်ပြီး **“တစ်လလောက် ကြိုတင်ပြီး လေ့ကျင့်ခဲ့ပါတယ်။ နေ့တိုင်းနီးပါး လေ့ကျင့်ခဲ့ပြီး တစ်ဦးတည်းရော ပြိုင်ဘက်နဲ့ပါ တွဲပြီး လေ့ကျင့်ခဲ့ပါတယ်။ ဒီပွဲကို**

“ပွဲချီနည်းနည်းနဲ့ ပွဲသိမ်းနိုင်အောင်ထိုးသတ်မယ်”
လက်ဝှေ့ကျော်ဝိုင်းဝိုင်း (မိုက်ခဲကျောက်ပွင့်နှင့်စိန်ခေါ်ထိုးသတ်မည့်သူ)

အနိုင်ထိုးသတ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်တော့် ရည်မှန်းချက်က မြန်မာနိုင်ငံရဲ့ ချန်ပီယံဖြစ်ဖို့ပါ”ဟု ချာန်ထူးက တည်ငြိမ်စွာ ပြောကြားသွားသည်။

တစ်လလောက်ကြိုတင်ပြီး လေ့ကျင့်ခဲ့ပါတယ်။ နေ့တိုင်းနီးပါး လေ့ကျင့်ခဲ့ပြီး တစ်ဦးတည်းရော ပြိုင်ဘက်နဲ့ပါတွဲပြီး လေ့ကျင့်ခဲ့ပါတယ်။ ဒီပွဲကို အနိုင်ထိုးသတ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်တော့် ရည်မှန်းချက်က မြန်မာနိုင်ငံရဲ့ ချန်ပီယံဖြစ်ဖို့ပါ။ ချာန်ထူး

ဝိုင်းဝိုင်း

နောက်ထပ် လက်ဝှေ့ကျော်တစ်ဦးမှာ ဝိုင်းဝိုင်း(ခေါ်)မြတ်လေးနွယ်ဖြစ်သည်။ ဝိုင်းဝိုင်းသည် မိုက်ခဲကျောက်ပွင့်အား စိန်ခေါ်ထိုးသတ်မည့်သူဖြစ်ပြီး အသက်(၂၅)နှစ်အရွယ်ရှိကာ အရပ်မှာ ငါးပေ၊ ခြောက်လက်မခန့် ရှိသည်။

ဝိုင်းဝိုင်း၏ လက်ဝှေ့ထိုးခဲ့သော လက်ဝှေ့ပွဲများနှင့် ပတ်သက်ပြီး မေးမြန်းရာ **“အခုအချိန်အထိတော့ လက်ဝှေ့ပွဲတွေ ၂၂ပွဲလောက် ထိုးသတ်ခဲ့ပြီးပါပြီ။ ဒီပွဲတွေမှာ ၁၅ပွဲနိုင်၊ ငါးပွဲသရေနဲ့ ရှုံးပွဲ နှစ်ပွဲရှိခဲ့ပါတယ်။ အရင်ကလဲ သုံးချီပွဲ၊ ငါးချီပွဲတွေ ထိုးခဲ့တာဆိုတော့ အခုပွဲက ငါးချီပွဲဆိုပေမယ့် ပြဿနာမရှိပါဘူး၊ ပွဲချီနည်းနည်းနဲ့ အနိုင်ထိုးသွားမှာပါ”**ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယခုပွဲအတွက် လေ့ကျင့်ပေးသော ဆရာများနှင့် ပတ်သက်ပြီး **“ကျွန်တော့် ဆရာတွေကတော့ စောရီလေး၊ စောမိုက်ကယ်နဲ့ စောဝင်းဗိုလ်တို့ဖြစ်ပါတယ်။ ဒီပွဲအတွက် တစ်လလောက် နေ့တိုင်းလေ့ကျင့်ခဲ့ပြီး အခုလဲ အနိုင်လိုချင်တဲ့ စိတ်ဓာတ်နဲ့ ထိုးမှာဆိုတော့ နိုင်ပွဲကလွဲပြီး ဘာရလဒ်မှ မလိုချင်ပါဘူး၊ နိုင်အောင်လည်းထိုးသွားမှာပါ”** ဟု အားမာန်အပြည့်ဖြင့် ပြောကြားသွားသည်။

ရန်နိုင်အောင်

နောက်ထပ် လက်ဝှေ့သမားတစ်ဦးမှာ ရန်နိုင်အောင်ဖြစ်သည်။ အသက် (၁၈)နှစ်အရွယ်ပင် ရှိသော်လည်း လက်ဝှေ့စွမ်းရည်ထက်မြက်

“ကျွန်တော် လက်ဝှေ့ထိုးခဲ့တဲ့ ပွဲတွေမှာ တစ်ပွဲမှ မရှုံးသေးဘူး”
ရန်နိုင်အောင် (စောအာကာနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်သူ)

သူ တစ်ဦး ဖြစ်သည်။ ယခု စိန်ခေါ်ထိုးသတ်မည့်သူမှာ စောအာကာ ဖြစ်သည်။ လက်ဝှေ့ကျော် ရန်နိုင်အောင်၏ လက်ဝှေ့ထိုးခဲ့မှု အခြေအနေများကိုမေးမြန်းရာ **“ကျွန်တော်က ၂၀၀၆ ခုနှစ်ကမှ လက်ဝှေ့ စတင်ထိုးသတ်တာပါ။ လက်ဝှေ့ပွဲပေါင်း ၁၃ပွဲ ထိုးသတ်ခဲ့ပြီး အလဲထိုးပွဲက ၁၂ပွဲပါ။ ရှုံးပွဲတစ်ပွဲမှ မရှိသေးပါဘူး။ ရန်ကုန်မှာ အခုပွဲက ပထမဆုံးအကြိမ် ထိုးသတ်ခြင်းပါပဲ”**ဟု ပြောကြားသည်။

ရန်နိုင်အောင်သည် ကရင်ပြည်နယ် ဖွဲ့ကပင်တောင်ခြေ အရှေ့ဘက်ခြမ်းရှိ ခလောက်နို့ရွာ ဇာတိဖြစ်ပြီး လက်ဝှေ့ကို ငယ်စဉ်ကပင် ဝါသနာပါရှိခဲ့သူ ဖြစ်သည်။ ယခုပြိုင်ပွဲအတွက် လေ့ကျင့်မှုနှင့် ပတ်သက်ပြီး **“ယခု စောအာကာနဲ့ပွဲအတွက် ပြီးခဲ့တဲ့နွေရာသီတစ်ခုလုံး လေ့ကျင့်ခဲ့ပါတယ်။ စောအာကာဟာ လက်ဝှေ့ အတွေ့အကြုံမှာ ကျွန်တော့်ထက်သာပေမယ့် မှုစရာမလိုပါဘူး၊ လက်ဝှေ့နဲ့ ပတ်သက်ပြီး ယုံကြည်မှုအပြည့်နဲ့ ထိုးသတ်မှာပါ”**ဟု ရန်နိုင်အောင်က ပြောကြားသည်။

စိတ်ဓာတ်တက်ကြွ

ငယ်ရွယ်သော လက်ဝှေ့သမားဖြစ်သည့် ရန်နိုင်အောင်မှာ လူငယ်ပီပီ စိတ်ဓာတ်တက်ကြွနေသည်။ ပြိုင်ဘက် စောအာကာအား အနိုင်ထိုးသတ်ရန် စိတ်ထက်သန်နေသည်။

ချစ်ခက်

နောက်ထပ် လက်ဝှေ့သမားတစ်ဦးမှာ ချစ်ခက်(ခေါ်)ဆက်ထူးအောင်ဖြစ်ပြီး အရပ်ငါးပေ၊ သုံးလက်မမြင့်သည်။ လက်ဝှေ့ ထိုးသတ်မှုများနှင့် ပတ်သက်၍ အခုအချိန်အထိ ရှုံးပွဲမရှိခဲ့သော လက်ဝှေ့သမားဖြစ်ပြီး အသက် (၁၉)နှစ်သာရှိသည့် တက်လူတစ်ဦးဖြစ်သည်။ ယခုထိုးသတ်မည့် ပြိုင်ပွဲနှင့် ပတ်သက်ပြီး ချစ်ခက်(ခေါ်) ဆက်ထူးအောင်က **“ကျွန်တော်နဲ့ အခုထိုးသတ်မယ့် ပြိုင်ဘက် မိုးသီးကို အပြင်မှာ မြင်ဖူးပါတယ်။ မိုးသီးထိုးတာတွေကိုလဲ လေ့လာထားပြီးပါပြီ၊ ရန်ကုန်မှာတော့ ဒီပွဲက ပထမအကြိမ်ထိုးတဲ့ ပွဲပါပဲ။ ကျွန်တော့်အနေနဲ့ လက်ဝှေ့ပွဲတွေ ၂၀ လောက်ထိုးခဲ့ပြီးပါပြီ။ နိုင်ပွဲနဲ့ သရေပွဲတွေချည်းပါပဲ။ ရှုံးပွဲ မရှိသေးပါဘူး။ ဒီပွဲလဲ နိုင်အောင် ထိုးမှာပါ”**ဟု မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ချစ်ခက် (ခေါ်) ဆက်ထူးအောင်၏ လက်ဝှေ့ထိုးမှုကို မိဘများလည်း အားပေးပြီး ကိုယ်တိုင်လည်း ဝါသနာထုံသူဖြစ်ရာ ယခုပွဲမတိုင်မီ အချိန်တစ်လခန့် နေ့စဉ်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

“မျှော်စင်ကျွန်းမှစိန်ခေါ်သံ–၄”

လက်ဝှေ့ပွဲတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည့် လက်ဝှေ့ကျော်များ ရန်ကုန်မြို့၌ စုံစုံလင်လင် ရောက်ရှိနေကြပြီ ဖြစ်သည်။ လက်ဝှေ့ဝါသနာအိုးများ အကြိုက်တွေ့စေမည့် အသက်ရှူမှားစရာ ထိုးသတ်မှုများကို ရှုစားကြရတော့မည် ဖြစ်ရာ ကြိုတင် ခံစားနိုင်ရန်အတွက် တွေ့ဆုံမေးမြန်း ရေးသားဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

“မိုးသီးရဲ့ လက်ဝှေ့ ထိုးကွက်တွေကို လေ့လာထားပြီးပါပြီ”
ချစ်ခက် (မိုးသီးအား စိန်ခေါ်ထိုးသတ်မည့်သူ)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပဲခူးတိုင်း(တောင်ပိုင်း)၊ ဖြူးမြို့နေ
ဦးဝင်းကြည်-ဒေါ်ကျင်ဦးတို့၏ သားလတ်
ဗိုလ်မှူးနေဖြိုးဝင်း
B.A(Myanmar)
နှင့်
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊
(န-၇)၊ ၆၆+၆၇၊ ၆၄x၄၃ လမ်းထောင့်နေ
ဗိုလ်မှူးသိန်းကြည်(ငြိမ်း)-ဒေါ်နီနီအေးတို့၏ သမီးလတ်
ဒေါက်တာသင်းပပအေး
B.Sc, M.Sc, Res, P.hD (Chemistry)
(သရုပ်ပြ၊ ဓာတုဗေဒဌာန၊ ရတနာပုံတက္ကသိုလ်)
တို့၏ ၁၁-၅-၂၀၀၇ ရက်တွင် မန္တလေးမြို့ Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသည့် ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးနေဖြိုးဝင်း-ဒေါက်တာသင်းပပအေး။

အမည်ပြောင်း

အဖ ဦးစိုးကျော်၏ သမီးဖြစ်သူ အထက(၁) ပြည်တက္ကသိုလ်ဝင်တန်းမှ မအိန္ဒြေခင်အား ယနေ့မှစ၍ မအိန္ဒြေဦးဟု ပြောင်းလဲခေါ်ပါရန်။
မအိန္ဒြေဦး။

ကားရောင်းမည်

Air con: Bus
Hino EF-750၊ 45ယောက်စီး
(လေအိတ်ကား)
(၁ခ/ ....)
ဆက်သွယ်ရန် ဖုန်း- ဝ၈၁-၂၂၇၉၄။

TOKIWA Special

ကျောင်းသုံးစာရေးခဲတံနှင့်ရောင်စုံခဲတံဘူးများ ရောင်းချခြင်း

မြန်မာတစ်နိုင်ငံလုံး၌ အစဉ်အမြဲ သုံးစွဲနေသော

TOKIWA Special အမှတ်တံဆိပ် ကျောင်းသုံးစာရေးခဲတံနှင့် ရောင်စုံခဲတံဘူးများကို ကျောင်းသား/ကျောင်းသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ကျောင်းများမှ မြန်မာတိုကီဝါကော်ပိုရေးရှင်း ရန်ကုန်နှင့် မန္တလေးမြို့များသို့ တိုက်ရိုက်မှာကြားဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်နှင့် အသေးစိတ် သိရှိရန်အတွက်

ဒေါ်ရွှေဇင်လတ်၊ အမှတ် ၄၄(ဘီ)၊ အမှတ်(၃)လမ်းမကြီး၊ ပျဉ်းမပင် စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်။ ဝ၁-၆၃၈၂၆၂၊ ၇ဝ၃၇၆၈၊ ၇ဝ၆၉၇၄။

ဦးထွန်းထွန်းအောင်၊ အမှတ်(၁ဝ၃) သစ်စက်ဝင်း၊ အမရပူရမြို့နယ်၊ မန္တလေး၊ ဝ၂-၇ဝ၂၄၆၊ ၇ဝ၆၉၇၊ ၇ဝ၆၉၈။

(၄)နှစ်ပြည့် မင်္ဂလာဆုတောင်း

ကိုကြီး ကိုအောင်မော်လင်း-မကြီး မအိရတနာမြင့်ဦး တို့၏ ၁၁-၅-၂၀၀၇ရက်တွင် ကျရောက်သော (၄)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ သမီးလေးဖူးဖူးနှင့်အတူ အောင်မြင်ပျော်ရွှင်ဖွယ် မင်္ဂလာရက်များ ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မောင်လေး - မောင်ထွဋ်ထွဋ်ဦး (ထွဋ်ထွဋ်)
မောင်သော်ဇင်ဦး (သော်သော်)
မောင်ကောင်းထက်ဦး (ထက်ထက်)
မောင်ကောင်းပြည့်စုံမြင့်ဦး (ပြည့်ပြည့်)။

INVITATION TO TENDER

[Tender No.3(T)/MPE/UREA(1)/2007-2008]

1. Sealed tenders are invited by the Myanma Petrochemical Enterprise, Nay Pyi Taw, Myanmar, for the Supply of Urea Fertilizer with the terms and condition as follows.

(a)	Urea Fertilizer	- 75,000±10% Metric Tons
	Specification	Nitrogen 46.0 wt%min Biuret 1.0 wt%max Moisture 0.5 wt%max Prill Size 1-4 mm
(b)	Price shall be quoted in US Dollars	- CIF Yangon Basis.
(c)	Payment	- L/C at sight
(d)	Tender Closing Date	- 22-5-2007(12:00)hr.
(e)	Tender Opening Date	- 22-5-2007(13:00)hr.
(f)	Delivery	- Within June 2007.
(g)	Packing	- 50Kg weight/bag net must be packed in strong durable. Woven polypropylene bags with inner liner polyethylene bags of 0.1-0.2mm thickness.

2. Tender Documents and detail information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing(14-5-2007)on payment of the One Hundred(100)FEC per set.
3. Only bid from tenderer who has purchased tender document officially from Myanma petrochemical Enterprise will be accepted for evaluation.

Managing Director,
Myanma Petrochemical Enterprise

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၉လမ်း၊ အမှတ် ၄၂ နေ
ဦးကျင်သိန်း(Electrical Engineer-A.P.Moller Maersk Singapore Pte.Ltd.)-ဒေါ်ဝင်းကြည် တို့၏
တစ်ဦးတည်းသောသား
မောင်ရွှေဖြိုးသိန်း
aka Andrew Thein (Met -Tech-Oxiana Company Ltd.)
3rd Year in BExt Metallurgy,B.Sc,Diploma of Mechanical Technology and Metallurgy
နှင့်
ဦးအေးလွင်(Ex Master Mariner)-ဒေါ်နီလာရှိန် (Lab ;Assistant)တို့၏ သမီးကြီး
မအိန္ဒြာလွင်
3rd Year in B.Sc, IS Development, B.Sc,Chemistry,
Diploma of IT (Software Development)
တို့သည် မိဘတို့ဝတ္တရားရှိသည်နှင့်အညီ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းကို ၂၂-၄-၂၀၀၇ရက်တွင် မြရိပ်ညိုဟိုတယ် မြက်ခင်းပြင်တွင် ပြုလုပ်ပြီးဖြစ်ပါသဖြင့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးများ၊ ဆွေမျိုးများ၊ မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။
နှစ်ဖက်သောမိဘများနှင့် မောင်ရွှေဖြိုးသိန်း-မအိန္ဒြာလွင်။

ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) (နှင့်)
ကိုတာ ဦးစီးသော
လုမ္ဗိနီ



မူကြို၊ KG၊ Grade I, II
ဇွန်လ ၅ ရက် **ဖွင့်ပြီ**
- ၈ဝ (ခ) သံလွင်လမ်း၊ ရွှေတောင်ကြား၊ ဗဟန်း။ ဖုန်း - ၅၂၇၂၂၇၊ ၅၂၇၆၅၆
- ၂/က၊ သမာဓိ ၄ လမ်း၊ ဆ/ခ ရပ်ကွက်၊ သင်္ဃန်းကျွန်း။ ဖုန်း - ၅၆၄၄၅၂

စီးပွားဖြစ် သစ်သီးယို၊ အချိုရည်၊ ဆော့စ်ထုတ်လုပ်သင်တန်း
ရေခဲမုန့်၊ အအေး၊ မစ်ရှိတ်၊ ကိတ်၊ မုန့်ဖုတ်သင်တန်း
သင်တန်းရက် (1) 13-5-07 မှ 18-5-07 (2) 16-5-07 မှ 21-5-07
EAC since 2002 | 01-223300,09-5231267 မန္တလေး EAC -02 - 23288
ပင်မသင်တန်း။(81)မြေညီထပ်၊(12)လမ်းစုံပြမှတ်တိုင်၊လမ်းမတော်၊ရန်ကုန်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်အေးအေးသန်း၏သားဖြစ်သူ မောင်သူရကျော် ၁၂/ဥကတ(နိုင်) ၁၅၂၄၈၄ သည် မိဘ၏စကားကို မနာခံဘဲ မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်အေးအေးသန်း။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းကြေညာချက်

ကျွန်တော် ကျွန်မတို့၏သမီးဖြစ်သူ မသင်းသင်းမြတ် ၁၀/မလမ(နိုင်) ၁၁ဝ၄၄၆ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို ဆန့်ကျင်၍ မိဘ၊မောင်ဘွားများအား အရှက်တကွဲ အကျိုးနည်းဖြစ်စေလျက်၊ မိဘတို့အပေါ် ကြီးစွာသောစိတ်ဆင်းရဲမှု တမြေ့မြေ့ခံစားရစေရန် ပြုမူဆောင်ရွက်ခဲ့ခြင်းကြောင့် မသင်းသင်းမြတ်အား ကျွန်တော် ကျွန်မတို့၏ မိသားစုဝင်အဖြစ်မှ ထုတ်ပယ်ပစ်လိုက်ကာ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်း အများသိသာရန်ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးကျော်ဇင်-ဒေါ်သန်းမြ
အမှတ်(၇)၊အရှေ့တပ်မြေလမ်း၊ အောင်သုခရပ်ကွက်
ဖက်တန်းနယ်မြေ၊ မော်လမြိုင်မြို့။

မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော်၏ဇနီးဖြစ်သူ မဝင်းမင်းလတ်(ခ)မြတ်နိုး ၁၂/သဃက(နိုင်) ဝ၅၆၂ဝ၉ သည် ကျွန်တော်၏သဘောထားမပါရှိဘဲ သူမ၏ သဘောအလျောက် ၁၈-၄-၂၀၀၇ရက်တွင် အိမ်မှဆင်းသွားပါ၍ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို သူမနှင့်သာရှင်းလင်းပါရန် သိစေအပ်ပါသည်။
သိန်းစိုးအောင်(ခ)မိုးမိုး
၁၂/တမန(နိုင်)ဝဝ၁၃ဝ၃။

သားနှင့်သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်သောင်းထိုက် ၁၂/တမန(နိုင်) ဝ၅၇၇၉၃ နှင့် သမီးဖြစ်သူ မနုနုအေး ၁၂/တမန(နိုင်)ဝ၉၁၄၅၈ကိုင်ဆောင်သူတို့သည် ဖခင်မိခင်တို့မှ ခေါ်ယူညှိနှိုင်းဆွေးနွေးသော်လည်း နာခံမှုမရှိပါသဖြင့် ၁၁-၁၁-၂၀ဝ၆ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ထားပါကြောင်းနှင့် နောက်နောင် ၎င်းတို့၏ ကိစ္စအဝဝအားလုံးနှင့်ပတ်သက်၍ အရှုပ်အရှင်းများအားလုံး(လုံးဝ) တာဝန်မယူပါ။
(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)
ဖခင်-ဦးအေးသောင်း (TGN- 056635)
မိခင်-ဒေါ်စန်းစန်း (TGN- 004110)။

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဘဂ္ဂဒက်၌ ကားဗုံးခွဲတိုက်ခိုက်၍ ၁၂ ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၁

ဘဂ္ဂဒက်မြို့ ရှီးယားအများစုနေထိုင်ရာ အရပ်တံတားများအနီး ရဲစစ်ဆေးရေးဂိတ်များကို မေ ၁၁ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၂ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ပထမကားဗုံးခွဲတိုက်ခိုက်မှုသည် ရဲတပ်ဖွဲ့က ဒိုင်ယာလာ မြစ်ကူးတံတားကို ဖြတ်သန်းသွားသည့်ကားများကို စစ်ဆေးနေချိန် ဆီဒင်ကားဖြင့် အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးခွဲတိုက်ခိုက်ပြီး နှစ်မိနစ်အကြာ အဆိုပါမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် အခြားတံတား၌ ထရပ်ကားတစ်စီးဖြင့် ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်ခြောက်ဦး အပါအဝင် ၁၂ဦး သေဆုံးသွားသည်။

မကြာသေးမီကာလများက ဘဂ္ဂဒက်ရှိ တံတားများကို ပစ်မှတ်ထားလျက် တိုက်ခိုက်ရေးသမားများက အရှိန်အဟုန်မြှင့် တိုက်ခိုက်လာကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အမေရိကန်နိုင်ငံသားများအား ဂျာမနီ၌ တိုက်ခိုက်ရန် စီစဉ်နေ

ဝါရှင်တန် မေ ၁၁

ဂျာမနီနိုင်ငံတွင် အမေရိကန်နိုင်ငံသားများအား အကြမ်းဖက်တိုက်ခိုက်ရန် အကွက်ချစီစဉ်နေသော ကွန်ရက်တစ်ခုကို စုံစမ်းဖော်ထုတ်သိရှိထားကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားသည်။

ပြောကြား

ယင်းအကွက်ချတိုက်ခိုက်ရန် စီစဉ်မှုများတွင် ဗုံးခွဲတိုက်ခိုက်ခြင်း၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်ခြင်းများ ပါဝင်ကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက စီအင်န်အင်န်သို့ မေ ၁၁ ရက်က ပြောကြားသည်။

ကြက်တောင်ရိုက်သင်တန်းဆင်းပွဲနှင့် စွမ်းရည်ပြ ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၁၁

မြို့မ ကျောင်းသား ကျောင်းသူဟောင်းအသင်းက ကြီးမှူးကျင်းပသော (၆)ကြိမ်မြောက် အခြေခံကြက်တောင်ရိုက်သင်တန်းဆင်းပွဲနှင့် စွမ်းရည်ပြ ကြက်တောင်ရိုက်ပြိုင်ပွဲကို မေ ၁ဝ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အမှတ် (၆၈) စကားဝါလမ်းရှိ မြတ်မွန်ရတနာ ကြက်တောင်ရိုက်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်တောင်ရိုက်အားကစားအဖွဲ့ချုပ် နာယက ဦးကြည်ညွန့်နှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ မြို့မ ကျောင်းသားကျောင်းသူဟောင်းအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေ၊ မြို့မကြက်တောင်အားကစားဆပ်ကော်မတီခေါင်းဆောင် ဦးလှရွှေလေးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

တက်ရောက်

အခမ်းအနားသို့ သင်တန်းသားသင်တန်းသူများ၏မိဘများမြို့မကျောင်းသားဟောင်း အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

စွမ်းရည်ပြ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပွဲစဉ်တွင် ပထမ နိုင်အောင်ကျော်၊ ဒုတိယ ရဲဝေလွင်၊ တတိယ မင်းသော်ဇင်၊ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်တွင် ပထမကေမြတ်မွန်၊ ဒုတိယ သီရိဆုဝေ၊ တတိယ ရတနာမိုးမြင့်၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ မင်းသော်ဇင်နှင့် ရွှန်းလဲ့သော်တာ၊ ဒုတိယ စိုးဝေမင်းထွန်းနှင့် ဆုယဉ်မွန်၊ အကောင်းဆုံးထူးချွန်ဆုကို အမျိုးသားပြိုင်ပွဲတွင် မင်းသော်ဇင်၊ အမျိုးသမီးပြိုင်ပွဲတွင် မရွှန်းလဲ့သော်တာတို့က အသီးသီးရရှိကြပြီး ဆုများကို အဖွဲ့ချုပ်နာယက၊ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြို့မ ကျောင်းသား ကျောင်းသူဟောင်းအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

နှစ်ဖက်သော မိဘများအားအမှူးထား၍ ရန်ကုန်တိုင်းကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်း ရွှေဂုဏ်သူ တာဝါ အခန်းအေ (၁)-၅၀၂နေ ဦးခင်မောင်ဝင်း-ဒေါ်စန်းစန်းမြင့်၊ သမီး မဆုရည်ဝင်း၊ သား မောင်မြင့်မြတ် မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၂၅၀၀၀၀ကို ပိဋကဆရာတော် ဘဒ္ဒန္တအဂ္ဂသာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပခုက္ကူ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် စက်ရေတွင်းများ ပြင်ဆင် ထိန်းသိမ်းခြင်း ဆောင်ရွက်ရန်အတွက် ဧပြီ ၁၈ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ကမ္မ ကျေးရွာအုပ်စု ဂျိုးပျုံကျေးရွာရှိ စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ကဆုန်လပြည့်ကျော် ၁၃ ရက်
၁၃-၅-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့်ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ သုတစုံစွာသိမှတ်စရာ(ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့-သိပ္ပံမှူးတင်)
၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ရေတာရှည်မြို့နယ် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများ)
၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (နွေရာသီမှာ အလှဆင်စရာ)
၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) နာမည်တူကောင် မုန်းချင်တယ် (ကိုတင်ဝင်း)
(၂) သံယောဇဉ်ဖြတ်ဖို့ ခက်တယ် (သန်းသန်းမြင့်လေး)
(၃) ပွင့်ဦး (မောင်မောင်ညွန့်)
၁၂း၀၀ ကလေးများအတွက် တေးသီချင်းများ
၁၂း၃၀ ဇာတ်လမ်းပမာ နားဆင်စရာ(အစက်အပြောက်များ)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရှေးဟောင်းဒဂ်ါများ-ရှေးဟောင်းသုတေသနဦးစီးဌာနစာပြုအဖွဲ့)

ညနေပိုင်း

၁၆း၁၀ နေ့စဉ်သုံးအီဒီယမ်
၁၇း၀၀ တေးသံစုံ (မန္တလေးနန်းတော်ဝင်အဖွဲ့)
၁၇း၁၅ မြန်မာ့မှုဟန်ဇာတ်မာန် ဟောပြောချက် (မရိုးနိုင်သောမြန်မာမှုအမွေ သနပ်ခါးအလှ) (ညွန့်ဟံ-ကြူတော)
၁၇း၃၀ တေးရေးသူအကြိုက် (ဂီတစာဆို လှိုင်မြင့်သိန်း)
၁၈း၁၅ ကိုယ်တိုင်ရွေးချယ် နားဆင်မယ်
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မျှော်လင့်လင့်ခုတိုင်တိုင် (နိုင်နိုင်မော်)
(၂) ချစ်ပြီးနှင်ဆီ (ရေနံ့သာစိုးလှိုင်)
(၃) မေတ္တာအသိ နောက်ကျသွားတယ် (တက္ကသိုလ်နီနီမာ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မေ ၂ရက်က ရန်ကုန်မြို့နေ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ခင်အေးသန့်၏ (၅၉)နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာအဖြစ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျေးရွာလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရေးညှိနှိုင်းဆွေးနွေး

သာစည် မေ ၅

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင်နှင့် တာဝန်ရှိသူများသည် ဧပြီ ၂၀ရက်က သာစည်မြို့နယ်အတွင်းရှိ ဘုရားငါးဆူ(တ)ရွာ၊ ဘုရားဆူ(မ)ရွာ၊ သူဌေးကုန်းကျေးရွာ၊ ကျွဲဒတ်ဆုံ ကျေးရွာ၊ တောင်ပုစာကျေးရွာ၊ ထနောင်းကုန်းကျေးရွာ၊ ကုက္ကိုကန်ကျေးရွာနှင့် ရှမ်းရွာကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ဓဲပုံ)**

ညှိနှိုင်း

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ စာအုပ်စာစောင်များ တိုးပွားရေးနှင့် ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံသစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများ ကျင်းပရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပလင်ါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေလာစို့

ဆေးပဒေသာပင်စိုက်ထူ

ရဲအုပ် ထွေးကြည်အား ရည်စူး၍ အမှတ် ၁၆၈ (၃-လွှာ) ၄၉လမ်း ပုဇွန်တောင်မြို့နယ်နေ ကျန်ရစ်သူ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေး ပဒေသာပင် ငွေကျပ်၁၀သိန်းကို လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။ (က-ပ)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖလမ်းခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် တီးတိန်မြို့။	**နှင့်**	၁။ ဦးနန်ဇလျန် ၂။ ဒေါ်ကျိန်မန်သြောင် လေးလုမ်ရပ်ကွက်၊ တီးတိန်မြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၄ခုနှစ် တရားမ မူလမှုအမှတ် ၁၁ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် ဇွန်လ ၇ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက်နေ့) မွန်းမတည့်မီ နံနက် ၁၀နာရီ အချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

တီးတိန်မြို့ လေးလုမ်ရပ်ကွက်ရှိ မြေကွက်အမှတ်(၃၆)၊ ဦးပိုင်အမှတ် (၁၂၅) မြေငှားပတ္တာစာချုပ်အမှတ် (၁၇၅၁)၊ ဧရိယာ ၀ ဒသမ ၁၀၆ ဧက၊ အတိုင်းအတာ (၉၆ပေx၅၆ပေx ၇၄ပေ x ၅၃ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂၄x၁၈)ပေ ပတ်လည်ရှိ နှစ်ထပ်တိုက်ခံအိမ်နှင့် (၂၁ x၁၀)ပေ ပတ်လည်ရှိ မီးဖိုချောင်အပါအဝင်အဆောက်အအုံနှင့် ပိုင်ဆိုင်မှုအားလုံး။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း(၃၀)။**

ရောင်းချရန် စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဧပြီလ ၂၆ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖလမ်းခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၁

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် တီးတိန်မြို့။	**နှင့်**	၁။ ဦးထန်ခန့်လမ် ၂။ ဒေါ်ဇမ်းဆွင်းကျိန် လေးလုမ်ရပ်ကွက်၊ တီးတိန်မြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၄ ခုနှစ် တရားမ မူလမှုအမှတ် ၁၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဇွန်လ ၇ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက်နေ့) မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

တီးတိန်မြို့ လေးလုမ်ရပ်ကွက်ရှိ မြေကွက်အမှတ်(၁၀၈)၊ ဦးပိုင်အမှတ် (၄၉)မြေငှားပတ္တာစာချုပ်အမှတ် (၁၄၈၄)၊အတိုင်းအတာ (ပေ ၁၁၀x ၈၄ပေx ပေ ၁၀၀ x ၆၄ပေ) ဧရိယာ ၀ဒသမ၁၈ဧကေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃၀x၁၈)ပေ ပတ်လည်ရှိ နှစ်ထပ်တိုက်အိမ်နှင့် (၁၀x၁၈)ပေ ပတ်လည်ရှိ မီးဖိုချောင်အပါအဝင်အဆောက်အအုံနှင့် ပိုင်ဆိုင်မှုအားလုံး။ **လေလံကြမ်းခင်းဈေး ကျပ် (၃၅) သိန်း။**

ရောင်းချရန် စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဧပြီလ၂၆ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖလမ်းခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် တီးတိန်မြို့။	**နှင့်**	၁။ ဦးခိုင်ထန် ၂။ ဒေါ်သြောင်လန် လေးလုမ်ရပ်ကွက်၊ တီးတိန်မြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၄ ခုနှစ် တရားမ မူလမှုအမှတ် ၁၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဇွန်လ ၇ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက်နေ့) မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

တီးတိန်မြို့ လေးလုမ်ရပ်ကွက်ရှိ မြေကွက်အမှတ်(၂၇၁)၊ ဦးပိုင်အမှတ် (-) မြေငှားပတ္တာစာချုပ်အမှတ် (၁၆၉၁) အတိုင်းအတာ (ပေ ၈၀x ၃၆ ပေx ပေ ၈၀ x ပေ ၄၀) ဧရိယာ ၀ ဒသမ ၀၇ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂၄x၁၈)ပေပတ်လည်ရှိ နှစ်ထပ်တိုက်အိမ်နှင့် (၁၀x၁၈)ပေ ပတ်လည်ရှိ မီးဖိုချောင်အပါအဝင် အဆောက်အအုံနှင့် ပိုင်ဆိုင်မှုအားလုံး။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း (၃၀)။**

ရောင်းချရန် စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဧပြီလ ၂၆ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး။

စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ ဆက်သွယ်ပါ

၁။ နှစ်ထပ်တိုက် ငှားမည်၊ လမ်းမတန်း နေရာကောင်း ရောင်းမည်။
၂။ အယ်လ်ဖေးရှင်း နှစ်လသားနှင့်ပရိဘောဂရုံးသုံး ပစ္စည်းများရောင်းမည်။

ဖုန်း- ၀၉-၅၁-၄၁၅၁၁။

ရောင်း/ငှား

ကမ္ဘာအေး သုခဝတီ (ပေ ၅၀ x၆၅ပေ) နှစ်ထပ်၊ ရေ၊ မီး၊ဖုန်း (ရောင်း) မြကန်သာ (အေးရိပ်မွန်) (ပေ၈၀x ပေ၈၀) နှစ်ထပ်၊ရေ၊မီး၊ ဖုန်း (ရောင်း) တက္ကသိုလ်ရိပ်မွန် (ပေ ၆၀ x ပေ ၈၀) နှစ်ထပ် (ငှား)။

ဖုန်း-၀၉-၅၀-၁၀၂၄၇၊ ၇၂၇၅၅၈။

လျှော့ဈေးဖြင့် မြေရောင်းမည်

ဝါးခယ်မမြို့ တစ်ဖက်ကမ်းယခင် စပါးဂိုဒေါင်ဟောင်းနေရာ အကျယ် ၁ ဒသမ ၄၀ ဧကကို လျှော့ဈေးဖြင့် ရောင်းမည်။

စုံစမ်းရန် ဖုန်း- ၀၄၂-၆၀၃၄၈၊ ၂၄၂၈၂။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ရတနာပုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော လားရှိုးဒီဂရီကောလိပ်နှင့် မြင်းခြံဒီဂရီကောလိပ်တို့မှ (ဘွဲ့) စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

ဘွဲ့နှင်းသဘင် ပထမနေ့ (၁၈–၅–၂၀၀၇)အစီအစဉ်
အပိုင်း–၁ နံနက်ပိုင်း၊ နံနက် (၉:၀၀)နာရီ

မဟာဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
မဟာသိပ္ပံဘွဲ့	ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ဓာတုဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု (ခုံအမှတ် ၃မ–၁ မှ ၆၅ ထိ)	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	မြန်မာမှုအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြု (ခုံအမှတ် ၃ဓ–၁ မှ ၁၅၉ ထိ)	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ကုန်ထုတ်ဓာတုဗေဒအထူးပြု (ခုံအမှတ် ၃ကဓ–၁ မှ ၁၅၂ ထိ)	ရတနာပုံတက္ကသိုလ်

ဘွဲ့နှင်းသဘင် ပထမနေ့ (၁၈–၅–၂၀၀၇) အစီအစဉ်
အပိုင်း–၂ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀)နာရီ

မဟာသိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	မြန်မာစာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု (ခုံအမှတ် ၃မ–၆၆ နှင့်အထက်)	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြု (ခုံအမှတ် ၃ဓ–၁၆၀ နှင့်အထက်)	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ကုန်ထုတ်ဓာတုဗေဒအထူးပြု (ခုံအမှတ် ၃ကဓ–၁၅၃ နှင့်အထက်)	ရတနာပုံတက္ကသိုလ်

ပထမနေ့ (နံနက်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၁၇–၅–၂၀၀၇) နံနက် (၉:၀၀)နာရီ

ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၁၉–၅–၂၀၀၇) အစီအစဉ်
အပိုင်း–၃ နံနက်ပိုင်း၊ နံနက် (၉:၀၀)နာရီ

မဟာဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
မဟာသိပ္ပံဘွဲ့	ဘူမိဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	မနုဿဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ရုက္ခဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	မနုဿဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြု (ခုံအမှတ် ၃ရခ–၁ မှ ၂၆၀ ထိ)	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ဘူမိဗေဒအထူးပြု (ခုံအမှတ် ၃ဘ–၃ မှ ၁၈၁ ထိ)	ရတနာပုံတက္ကသိုလ်

ဒုတိယနေ့ (နံနက်ပိုင်း၊ အပိုင်း–၃) အစမ်းလေ့ကျင့်ရက် (၁၇–၅–၂၀၀၇) နံနက် (၉:၀၀)နာရီ

ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၁၉–၅–၂၀၀၇) အစီအစဉ်
အပိုင်း–၄ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀)နာရီ

မဟာသိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ဘူမိဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြု (ခုံအမှတ် ၃ရခ–၂၆၁ နှင့်အထက်)	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ဘူမိဗေဒအထူးပြု (ခုံအမှတ် ၃ဘ–၁၈၃ နှင့်အထက်)	ရတနာပုံတက္ကသိုလ်

ဒုတိယနေ့ (မွန်းလွဲပိုင်း၊ အပိုင်း–၄) အစမ်းလေ့ကျင့်ရက် (၁၇–၅–၂၀၀၇) မွန်းလွဲ (၂:၀၀)နာရီ

ဘွဲ့နှင်းသဘင် တတိယနေ့ (၂၀–၅–၂၀၀၇) အစီအစဉ်
အပိုင်း–၅ နံနက်ပိုင်း၊ နံနက် (၉:၀၀)နာရီ

မဟာဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
မဟာဝိဇ္ဇာဘွဲ့	အရှေ့တိုင်းပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	အင်္ဂလိပ်စာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	အရှေ့တိုင်းပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	သင်္ချာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	အရှေ့တိုင်းပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သင်္ချာအထူးပြု (ခုံအမှတ် ၃သခ–၁ မှ ၁၉၄ထိ)	ရတနာပုံတက္ကသိုလ်

ဘွဲ့နှင်းသဘင် တတိယနေ့ (၂၀–၅–၂၀၀၇) အစီအစဉ်
အပိုင်း–၆ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀)နာရီ

မဟာဝိဇ္ဇာဘွဲ့	စိတ်ပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
မဟာသိပ္ပံဘွဲ့	သင်္ချာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	နိုင်ငံတကာဆက်ဆံရေးပညာ အထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	စိတ်ပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	နိုင်ငံတကာဆက်ဆံရေးပညာ အထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သင်္ချာအထူးပြု (ခုံအမှတ် ၃သခ–၁၉၅ နှင့်အထက်)	ရတနာပုံတက္ကသိုလ်

တတိယနေ့ (နံနက်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၁၇–၅–၂၀၀၇) မွန်းလွဲ (၂:၀၀)နာရီ

ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (၂၆–၅–၂၀၀၇) အစီအစဉ်
အပိုင်း–၇ နံနက်ပိုင်း၊ နံနက် (၉:၀၀)နာရီ

မဟာဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
မဟာဥပဒေဘွဲ့	ဥပဒေအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	သတ္တဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဥပဒေဘွဲ့	ဥပဒေအထူးပြု (ခုံအမှတ် ၄ဉ–၁ မှ ၁၀၈ ထိ)	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြု (ခုံအမှတ် ၃သတ–၁ မှ ၁၉၀ ထိ)	ရတနာပုံတက္ကသိုလ်

ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (၂၆–၅–၂၀၀၇) အစီအစဉ်
အပိုင်း–၈ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀)နာရီ

မဟာသိပ္ပံဘွဲ့	သတ္တဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဥပဒေဘွဲ့	ဥပဒေအထူးပြု (ခုံအမှတ် ၄ဉ–၁၀၉ နှင့်အထက်)	ရတနာပုံတက္ကသိုလ်
စာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်မှု ဘွဲ့လွန်ဒီပလိုမာ အမှတ်စဉ်(၅)		ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	စာကြည့်တိုက်နှင့်သုတပညာ အထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြု (ခုံအမှတ် ၃သတ–၁၉၁ နှင့်အထက်)	ရတနာပုံတက္ကသိုလ်

စတုတ္ထနေ့ (နံနက်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၂၅–၅–၂၀၀၇) နံနက် (၉:၀၀)နာရီ

ဘွဲ့နှင်းသဘင် ပဉ္စမနေ့ (၂၇–၅–၂၀၀၇) အစီအစဉ်
အပိုင်း–၉ နံနက်ပိုင်း၊ နံနက် (၉:၀၀)နာရီ

သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ရူပဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ရူပဗေဒအထူးပြု (ခုံအမှတ် ၃ရပ–၁ မှ ၁၉၄ ထိ)	ရတနာပုံတက္ကသိုလ်
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ဓာတုဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ရူပဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	သင်္ချာအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြုအားလုံး	မြင်းခြံဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြုအားလုံး	မြင်းခြံဒီဂရီကောလိပ်

ဘွဲ့နှင်းသဘင် ပဉ္စမနေ့ (၂၇–၅–၂၀၀၇) အစီအစဉ်
အပိုင်း–၁၀ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀)နာရီ

သိပ္ပံဘွဲ့	ရူပဗေဒအထူးပြု (ခုံအမှတ် ၃ရပ–၁၉၅ နှင့်အထက်)	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြုအားလုံး	မြင်းခြံဒီဂရီကောလိပ်
ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြုအားလုံး	မြင်းခြံဒီဂရီကောလိပ်
ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြုအားလုံး	မြင်းခြံဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ရူပဗေဒအထူးပြုအားလုံး	မြင်းခြံဒီဂရီကောလိပ်
သိပ္ပံဘွဲ့	သင်္ချာအထူးပြုအားလုံး	မြင်းခြံဒီဂရီကောလိပ်
သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြုအားလုံး	မြင်းခြံဒီဂရီကောလိပ်

ပဉ္စမနေ့ (နံနက်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၂၅–၅–၂၀၀၇) မွန်းလွဲ (၂:၀၀)နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်၊ ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ရတနာပုံတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကျင်းပရက်	ဘွဲ့ဝတ်စုံများငှားရမ်းခွင့်ထောက်ခံစာများ ထုတ်ပေးမည့်ရက်	တက်ရောက်ခွင့်ပြုလက်မှတ်၊ ဧည့်လက်မှတ်များ ထုတ်ပေးမည့်ရက်
၁၈–၅–၂၀၀၇	၁၄–၅–၂၀၀၇	၁၄–၅–၂၀၀၇
၁၉–၅–၂၀၀၇	၁၅–၅–၂၀၀၇	၁၅–၅–၂၀၀၇
၂၀–၅–၂၀၀၇	၁၆–၅–၂၀၀၇	၁၆–၅–၂၀၀၇
၂၆–၅–၂၀၀၇	၂၃–၅–၂၀၀၇	၂၃–၅–၂၀၀၇
၂၇–၅–၂၀၀၇	၂၄–၅–၂၀၀၇	၂၄–၅–၂၀၀၇

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

အေးကျော်
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရက်စွဲ– ၂၀၀၇ ခုနှစ်၊ မေလ (၇) ရက် **ရတနာပုံတက္ကသိုလ်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာပတ်ခ်ကီးချုံး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာပတ်ခ်ကီးချုံးသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်

၁၁-၅-၂၀၀၇

ကော့သောင်းမြို့	၆ဒသမ၁၄ လက်မ
ကလေးဝမြို့	၃ဒသမ၈၂ လက်မ
မင်းကင်းမြို့	၂ဒသမ၈၇ လက်မ
ဟုမ္မလင်းမြို့	၂ဒသမ၄၄ လက်မ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာပတ်ခ်ကီးချုံး နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ် ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာဘန်စန်းဘွန်နတ်ခ်သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၄ ✻